
သဗ္ဗဘယမင်္ဂလာ
ရွှေဝင်ဂါထာတော်
နှင့်
ရတနာ
မကျွေးဝင်းမြင့်

# ဒို့တာဝန်အရေးသုံးပါး

- ✍ ပြည်ထောင်စု မပြိုကွဲရေး ..... ဒို့အရေး
- ✍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး.... ဒို့အရေး
- ✍ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ..... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။


<u>အထက်မြန်မာပြည်ဖြန့်ချိရေး</u>

နဂါးစာပေ အမှတ်၁၉၉၊ ၂၉လမ်း ၈၃-၈၄လမ်းကြား၊ မန္တလေး

၂၂၈၄၀

# မကျေးဝင်းမြင့်

သဗ္ဗဓသမင်္ဂလာ ရွှေဝင်ဂါထာတော်နှင့်

## ရတနာ

(ဒုတိယအကြိမ်)

စာမူကြိုတင် ပုံနှိပ်ခွင့်အမှတ် ၉၇/၉၃(၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၁၄၂/၉၃(၄)

ဒုတိယအကြိမ်
၁၉၉၃ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၁၀၀၀
တန်ဖိုး သုံးဆယ့်ငါးကျပ်
မျက်နှာဖုံးပန်းချီ စံတိုး

ထုတ်ဝေသူ။ ။ ဦးထွန်းရှိန် (မြ ၀၁၂၈၅)
ပန်းစုံမြိုင်စာသဘင် စာပေတိုက်
၈၄၃၊ အောင်သစ္စာ ၃လမ်း၊ ၄ ရပ်ကွက်၊
သာကေတ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ ဦးကျော်မိုးစိန် (မြ ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်။ ။ ဦးတိုးဝင်း (မြ ၀၂၄၃၁)
နေလတိုက် အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ GEOCOMP MYANMAR

၃၆၀၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၀၁၉၅

ရတနာသုံးပါး ဖနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား

မကွေးဝင်းမြင့်

ရတနာ

ရတနာသုံးပါးကို ကြည်ညိုလေးမြတ်ခြင်း၌ လည်ဝယ်ဆင်ဝတ်ထားသော အဖိုးအနဂ္ဃထိုက်သည့် ပုလဲရတနာကဲ့သို့...။

[ရှင်မဟာသီလဝံသ]

## မာတိကာ


| | | |
|---|---|---|
| ၁။ | အစီရင်ခံအပ်ပါသည် | ၈ |
| ၂။ | နိဒါန်း | ၁၄ |
| ၃။ | သဝေမပါကိုးဂါထာ | ၁၈ |
| ၄။ | ကြီးမြတ်သော ဘုရားရှိခိုး | ၂၂ |
| ၅။ | ခမ္မခဏ် | ၂၆ |
| ၆။ | အန္တရာယ်ကင်း လာဘ်ရွှင်ဂါထာ | ၃၂ |
| ၇။ | ပထမံဂါထာတော် | ၃၅ |
| ၈။ | မဟာဝေဒဗ္ဗမန္တန် | ၄၀ |
| ၉။ | မဟာဝေဒဗ္ဗမန္တန် မြန်မာပြန် | ၅၃ |
| ၁၀။ | အဆောင် | ၆၅ |
| ၁၁။ | သဗ္ဗဇယမင်္ဂလာ ငွေဝင်ဂါထာတော် | ၆၈ |
| ၁၂။ | ငွေဝင်ဂါထာဂယက် | ၈၅ |
| ၁၃။ | ကျွန်တော့်ကိုယ်တွေ့ ငွေဝင်ဂါထာ | ၈၆ |
| ၁၄။ | စာကလေးတစ်ကောင် | ၁၀၀ |
| ၁၅။ | သဗ္ဗဇယမင်္ဂလာ | ၁၀၄ |
| ၁၆။ | ငွေဝင်ဂါထာနှင့် ထိန်ချန်ထားခဲ့မိသော ဖြစ်ရပ်ကလေးတစ်ခု | ၁၁၂ |
| ၁၇။ | နေ့တိုင်းလွှမ်းခြုံ သရဏဂုံ | ၁၁၉ |

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကို ယုံကြည်သော အကြင်သူသည် အကြင် အရပ်ဒေသ၌ ရတနာသုံးပါးအပေါင်း၏ မွန်မြတ်သော ဂုဏ်ကျေးဇူးတော်ကို ဖွင့်ဆို ချီးကျူး၏။ ထိုသူအား ထိုအရပ် ဒေသ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ အနာရောဂါကင်းခြင်း အကျိုးစီးပွားတို့သည် အခါခပ်သိမ်း ဖြစ်ပေါ်လာကုန်၏။

[ဥပ္ပါတသန္တိ-မြန်မာဘာသာပြန်မှ]

# အစီရင်ခံပါသည်

စာရှုသူအဆွေ . . .။

'ရတနာ'ဟုမည်သော ဤစာအုပ်ကလေးထဲတွင် ကျွန်တော် သဘောအကျဆုံး အနှစ်သက်ဆုံး ဂါထာမန္တန်များ ထည့်သွင်း ဖော်ပြထားပါသည်။

ထိုဂါထာမန္တန်များကို ကျွန်တော်ရယူခဲ့စဉ်က တစ်နေ့တည်း တစ်ထိုင်တည်း ရယူခဲ့ခြင်းမျိုး မဟုတ်ပါ။ တစ်ခါတရံ သုံးလေးနှစ်မှ တစ်ပုဒ်။ အဆင်ပြေရင်လည်း တစ်လအတွင်း နှစ်ပုဒ် သုံးပုဒ်။ တစ်ခါတလေကျပြန်တော့လည်း ငါးနှစ်လောက်ကြာမှ မန္တန်တစ်ပုဒ်သာ ရရှိခဲ့ခြင်းဖြစ်ပါသည်။

ချီးမြှင့်သူများက တောရကျောင်း ဆောက်တည်ကြသော ဆရာတော်ကြီးများ၊ ထေရ်ကြီး ဝါကြီး ဘုန်းတော်ကြီးများနှင့် သီလသမာဓိ အလွန်ပြည့်စုံသော ပုဂ္ဂိုလ်

ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါသည်။

ဂါထာမန္တန်များသည် သူ့နေရာနှင့်သူ အသုံးတည့်စွာ ရွတ်ဖတ်သရဇ္ဈာယ်လျှင် အစွမ်းထက်မြက်လှပါသည်။

## 'မောင်ကောင်း' နှင့် 'စံလင်း'

ကျွန်တော်တို့ ငယ်စဉ်က ငွေစက္ကူများပေါ်၌ 'မောင်ကောင်း'ဟူသော လက်မှတ်နှင့် 'စံလင်း'ဟူသော လက်မှတ်တို့ကို သဘောကျခဲ့ကြပါသည်။

'မောင်ကောင်း'ဟု လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကိုတော့ မတွေ့ မမြင်ဖူးလိုက်ပါ။ 'စံလင်း'ဟု လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကြီးကိုတော့ ရန်ကုန်မြို့ ၅၁လမ်းမှ ဒေါ်မမကြီး-ဒေါ်မမလေး ကျေးဇူးကြောင့် ကံကောင်းထောက်မစွာ တွေ့ဆုံရင်းနှီးခွင့် ရရှိခဲ့ပါသည်။

'ဦးစံလင်း' အမြဲရွတ်ဖတ်သော သဗ္ဗဇယမင်္ဂလာဂါထာခေါ် ငွေဝင်ဂါထာကို ကျွန်တော် ရရှိခဲ့ပါသည်။ ထိုဂါထာ ရပုံရနည်းနှင့် ပတ်သက်၍ ၁၉၈၉ခု ဧပြီလထုတ် ဝေဒမဂ္ဂဇင်း၌ အကျယ်တဝင့် ဆောင်းပါးရေးခဲ့ပါသည်။ ထိုငွေဝင်ဂါထာ လှိုင်းဂယက်လည်း အတော်ကလေး ထခဲ့ပါသည်။ ထိုအကြောင်းများကို ဤစာအုပ်ငယ်အတွင်း၌ အပြည့်အစုံ ထပ်မံဖော်ပြလိုက်ပါသည်။

ထိုသဗ္ဗဇယမင်္ဂလာ ဂါထာကို သီလစင်ကြယ်စွာ ဖြင့် ကျွန်တော် ရွတ်ဆိုပွားများခဲ့ရာ အောက်ပါအတိုင်း အံ့ဖွယ်ဖြစ်ရပ်ကလေးတစ်ခု ကြုံတွေ့ရပါတော့သည်။

တစ်နေ့သောအခါ . . .။

ကျွန်တော်သည် ရန်ကုန်မြို့ အမှတ် ၁၆၂၊ ၃၂ လမ်း အစ်ကိုကြီးဦးသောင်းဖေ၊ အစ်မဒေါ်ခင်ပြုံးတို့ နေ အိမ်သို့ ခေတ္တရောက်ရှိစဉ် ဂျပန်ဓာတ်ပညာဟူသော စာ အုပ်ကြီးကို ရေးသားပြုစုခဲ့သူ တက္ကသိုလ်ချစ်ဆွေ ရောက် ရှိလာပါသည်။

"ကိုဝင်းမြင့် မန္တလေးကို ကျွန်တော်နဲ့ လိုက်ခဲ့ ဗျာ"

"မန္တလေးကို ဘာကိစ္စရှိလို့လဲဗျ၊ လူနာလား"

"မဟုတ်ဘူး၊ မြသီတာ ဓာတ်ပုံတိုက်ပိုင်ရှင် ကို မြင့်နဲ့ လတ်လတ်တို့က ခင်ဗျားကို တွေ့ချင် မြင်ချင်လို့ တဲ့၊ ပြီးတော့ ဟိုကျ သိမှာပေါ့ဗျာ"

"အခုတော့ မအားသေးဘူးဗျ၊ နောက် နှစ်ရက် လောက်ရှိရင်တော့ အားမယ်၊ အဲဒီကျမှ လိုက်ခဲ့မယ်"

"ခင်ဗျား တကယ်လာမှာလား"

"လာမယ်ဗျာ လိုက်ခဲ့မယ်၊ ခင်ဗျားသွားနှင့်"

"ဟုတ်ပြီ . . .ဒါဖြင့်ရင် ကျုပ် မန္တလေးသွားနှင့် မယ်၊ ခင်ဗျား တကယ်လာမှာနော်"

"လာမှာပေါ့ဗျာ"

"လာမယ်ဆိုရင် ရှော့ ခရီးစရိတ်"

ကျွန်တော့်အိတ်ကပ်ထဲ ငွေတစ်ရာထည့်၏။ တက္ကသိုလ်ချစ်ဆွေ ကျွန်တော့်ကို နှုတ်ဆက်ပြီး၊ မန္တလေးသို့ မီရာရထားနှင့် လိုက်သွားပါသည်။

ကျွန်တော်ကလည်း မန္တလေးသို့ လိုက်လာမည့် နေ့နှင့် စီးရမည့် ရထားအချိန်ကိုပါ အတိအကျ ပြောပြ ချိန်းဆိုလိုက်ပါသည်။

နှစ်ရက်ခန့် ကြာသောအခါ ကတိပြုလိုက်သည့် အတိုင်း မန္တလေးသို့ ခရီးထွက်ခဲ့ပါသည်။ အဆင်သင့်ပင် မန္တလေးဘူတာကြီး၌ တက္ကသိုလ်ချစ်ဆွေနှင့် မြသီတာ ဓာတ်ပုံတိုက်ပိုင်ရှင် ကိုမြင့်နှင့်လတ်လတ်တို့ ဇနီးမောင်နှံ ပါ လာကြိုနေသည်ကို တွေ့ရပါသည်။ လတ်လတ်က–

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်မတို့ ဇနီး မောင်နှံ နှစ်ယောက်စလုံး ဆရာနေထိုင်ရာ မကွေးအိမ်ကို လာပြီး မိတ်ဆက်မယ်။ ပြီးတော့ ကန်တော့ဖို့ စီစဉ်နေ တာ။ အဲဒါ အချိန်မရဘဲ ဖြစ်နေပါတယ်။ ကျွန်မက အဲဒီ အကြောင်းကို ညည်းပြတော့ ကျွန်မတို့ဆရာကြီး ဦးချစ် ဆွေက ဆရာနဲ့ရင်းနှီးတယ်၊ မန္တလေးကို ခေါ်ခဲ့မယ်လို့ ပြောပါတယ်"

"ဟုတ်ကဲ့"

"ကဲပါလေ..အိမ်သွားကြတာပေါ့၊ အိမ်ကျမှ ပြော ကြတာပေါ့"

၂၇၂၇

အမှတ် ၁၂၃၊ ၇၃လမ်း (၃၂ x၃၃)ကြားရှိ ကို မြင့်၊ လတ်လတ်တို့ နေအိမ်ရောက်တော့ ထမင်းဟင်း ဖွယ်ဖွယ်ရာရာ ပြင်ဆင်ကျွေးမွေးပါသည်။

ထမင်းစားပြီးတော့ လတ်လတ်က–

"ဆရာ့မှာ ဘာများအခက်အခဲ ရှိပါသလဲ"

"အားလုံး အဆင်ပြေပါတယ်၊ အခက်အခဲမရှိပါဘူး"

"အခု ဆရာ...မေတ္တာရှင်ဆေးတိုက်ဆိုပြီး ဆေးဖော်ရောင်းနေတယ်လို့ သိရပါတယ်"

"ဟုတ်ကဲ့"

"ဒါဖြင့်ရင် ဆရာဆေးပြားရိုက်တဲ့စက် လိုမှာပေါ့နော်"

"ဟုတ်ကဲ့"

"အဲဒီစက် ဘယ်လောက်ကျသင့်မလဲ မသိဘူးနော်။ ကျွန်မတို့ စက်ဖိုးလှူပါရစေ"

"အေးဗျ....တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ကျောက်ပန်းတောင်းမြို့က စက်ဆရာကြီး ဦးဗိုလ်ဆီမှာ ကျွန်တော်မေးထားပါတယ်။ ငွေ ခြောက်ထောင့်သုံးရာလောက် ကျမယ်တဲ့"

"အဲဒီလိုဆိုရင် ဝယ်လိုက်ပါဆရာ..ကျွန်မ စက်ဖိုးငွေ ၆၃၀၀ိ/ ပေးလှူပါတယ်"

ပြောပြောဆိုဆိုနှင့် လက်အုပ်ချီ၍ ငွေ ၆၃၀၀ိ/

လက်ထဲထည့်ပါတော့သတည်း။

လေးစားအပ်ပါသော စာရှုသူအဆွေ . . .။

ဤဖြစ်ရပ်ကလေးကို ယခုကဲ့သို့ ရှည်ရှည်ဝေးဝေး တင်ပြနေရခြင်း ရည်ရွယ်ချက်မှာ...

- သီလစင်ကြယ်စွာ နေလျှင်..။
- လူတိုင်းအပေါ် မေတ္တာစေတနာ ထားရှိလျှင်..။
- ရတနာသုံးပါးကို အမြဲဆည်းကပ်၍ ပရိတ်တော်ဂါထာတော် မန္တန်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လျှင်..။

ဤကဲ့သို့ အံ့ဖွယ်အကျိုးထူးကလေးများ ကြုံရတတ်ကြောင်း သိစေချင်သောကြောင့် ဖြစ်ပါသည် ခင်ဗျား။

ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာ၍ ချမ်းသာကြပါစေ

မကွေးဝင်းမြင့်
၉-၁-၁၉၉၀

# နိဒါန်း

'ရတနာ'ဟူသည် အဖိုးများစွာ ထိုက်တန်သော အရာ အလေးအမြတ်ပြုအပ်သော အရာဟူ၍ အနက်အဓိပ္ပါယ် ဖွင့်ဆိုပါသည်။ ထို့ပြင် အလွန်ရခဲသောအရာ မြင့်မြတ်သောသူတို့၏ အသုံးအဆောင်ဟူ၍လည်း ဖွင့်ဆိုပါသေးသည်။

ကျွန်တော်သည် ဤစာအုပ်၌ 'ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ' ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်များ ဖွဲ့ဆိုသီကုံးထားသော ပရိတ်တော် ဂါထာတော် မန္တန်တော်များကို စိတ်ကြိုက် စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်၏အမည်ကို 'ရတနာ' ဟူ၍။

ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ပရိတ်တော် ဂါ

ထာတော်မန္တန်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် ဘေးရန်အန္တရာယ်တို့မှ ကင်းဝေးလွတ်မြောက်ပြီး လိုရာဆန္ဒ ပြည့်ဝအောင်မြင်ကြောင်းကို ကိုယ်တွေ့ကြုံရသူတွေ အနန္တပါ။

အကြင်သူသည် အမှတ်တမဲ့ ယောင်ယမ်း၍ "ဘုရား—ဘုရား"ဟု နှုတ်မှ ရွတ်ဆိုကြည်ညိုစိတ်ကလေး ဖြစ်ပေါ်အံ့။ ထိုစိတ်ကလေးသည် ဇမ္ဗူဒိတ်တစ်ကျွန်းလုံး အစိုးရသော မင်းစည်းစိမ်ထက် သာလွန်မြင့်မြတ်ကြောင်း ဗုဒ္ဓကျမ်းဂန်များ၌ အထင်အရှား တွေ့ရပါသည်။

ယခုကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် 'ရတနာမြတ်သုံးပါး'ကို ရှိခိုးကန်တော့ခြင်း၊ ပရိတ်တော် ဂါထာတော်များ ရွတ်ဆိုပွားများပါမူ ထိုသူအား ဘေးရန်အန္တရာယ်အသွယ်သွယ်မှ ကာကွယ်တားဆီးသည့်အပြင် ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ လောကအလယ်၌ တင့်တယ်စွာ နေရပါလိမ့်မည်။

ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ မေတ္တာပို့သခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်တစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ အားထားယုံကြည်ရာလည်း ဖြစ်ပါသည်။

'ပရိတ်'သည် 'ပရိတ္တ'ဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု မှတ်ရပါသည်။ မြန်မာလို 'အရံအတား'။ ထက်ဝန်းကျင်မှ စောင့်ရှောက်သော တရားဟူ၍ လည်း

ကောင်း၊ ဘေးဥပဒ်အန္တရာယ် ကာကွယ်စောင့်ရှောက်သည် ဟူ၍ လည်းကောင်း၊ အဓိပ္ပါယ်ရပါသည်။

ပရိတ်တော်၊ ဂါထာတော်၊ မန္တာန်တော်များသည် ရတနာသုံးပါး၏ ဂုဏ်တော်များ သိကုံးထားခြင်း ဖြစ်ပါသည်။ ပြည်မြန်မာဝယ် ရတနာသုံးပါး၏ ဂုဏ်တော်တန်ခိုးများ တောအနှံ့တောင်အနှံ့ မွှေးထုံသင်းပျံ့လျက် ရှိပါသည်။

ထိုရတနာများ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ ရင်ဝယ် ထွေးပိုက်လျက် ရှိပါသည်။

'ရတနာရှိရာ–ရတနာစု' ဟူသည့် ဆိုစကားအတိုင်း ရတနာများရှိသော သင့်ထံသို့ 'ဤရတနာ' ရောက်ရှိလာခြင်း ဖြစ်ပါသတည်း။

မကြေးဝင်းမြင့်

သဝေမပါ၊ ကိုးဂါထာဟု
မြတ်စွာဗုဒ္ဓ။ ဓမ္မ သံဃ
သရဏံပီတိ၊ ဂစ္ဆာမိကို
ရွတ်ဘိနှုတ်ဝယ်၊ သရဇ္ဈာယ်က
ဘယာနတ္ထိ၊ ဘေးမရှိသည်
သုခချမ်းကြည်...

ရှင်မဟာသီလဝံသ

## သဝေမပါ ကိုးဂါထာ

'သဝေမပါ ကိုးဂါထာ'ဟု လူကြီးသူမများက ပြော ခဲ့ကြ၍ မှတ်ခဲ့ရပါသည်။ လေးလေးနက်နက် မသိခဲ့ပါ။ အသက်အရွယ်ကလေး ရလာမှ သဘောပေါက်နားလည် ရပါတော့သည်။

ထိုဂါထာသည် ဗုဒ္ဓဘာသာဝင်တိုင်း နှုတ်မှာရွရွ ရွတ်ဆိုခဲ့ကြသည်။ ဤသဝေမပါ ကိုးဂါထာသည် ဘေး မရှိရန်မရှိ နိဗ္ဗာန်အထိ ရောက်နိုင်ကြောင်းကို အင်းဝခေတ် စာဆိုတော် ရှင်မဟာသီလဝံသက ဗုဒ္ဓပ္ပတ္တိပျို့၌ ဤသို့ ဖတ်ရှုရပါသည်။

"သဝေမပါ ကိုးဂါထာဟု၊ မြတ်စွာဗုဒ္ဓ၊
ဓမ္မ သံဃ၊ သရဏံပီတိ၊ ဂစ္ဆာမိကို၊
ရွတ်ဘိနှုတ်ဝယ်၊ သရဏ္ဍာယ်က၊ ဘယာ၊
နတ္ထိ၊ ဘေးမရှိသည် သုခချမ်းကြည်..."

စသည်ဖြင့် ရေးသားစပ်ဆိုတော် မူထားခဲ့ပါသည်။

ရွတ်ဖတ်သရဏဂုံရန်မှာ...

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ

၃။ သံဃံ သရဏံ ဂစ္ဆာမိ

၄။ 'ဒုတိယမ္ပိ' ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၅။ 'ဒုတိယမ္ပိ' ဓမ္မံ သရဏံ ဂစ္ဆာမိ

၆။ 'ဒုတိယမ္ပိ' သံဃံ သရဏံ ဂစ္ဆာမိ

၇။ 'တတိယမ္ပိ' ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၈။ 'တတိယမ္ပိ' ဓမ္မံ သရဏံ ဂစ္ဆာမိ

၉။ 'တတိယမ္ပိ' သံဃံ သရဏံ ဂစ္ဆာမိ

နံနက်စောစော အိပ်ရာမှထ၍ မျက်နှာသစ်ပြီးလျှင် မြတ်စွာဘုရားကို အာရုံပြု၍ ဉာသဝေမပါ ကိုးဂါထာကို ရွတ်ဖတ်သရဏဂုံ ပွားများပါက ဘေးရန်အန္တရာယ်ကင်း ရှင်းပြီး ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ပါသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက အခြားသော ဘာသာမှ ဗုဒ္ဓဘာသာသို့ ဝင်ရောက်ကြသူတိုင်း ထိုသဝေ မပါ ကိုးဂါထာကို ရွတ်ဆို ဝင်ရောက်ခဲ့ကြသည်ဟူ၍လည်း မှတ်ရဖူးပါသည်။

ကျွန်တော်တို့ ဘုရားရှိခိုး ကန်တော့ကြသည့်အခါ ငါးပါးသီလ ခံယူကြသည့်အခါ ရွတ်ဆိုခဲ့ကြသည် မဟုတ် ပါလား။ လွယ်လွယ်ဆိုခဲ့ ရွတ်ခဲ့ကြ၍ တန်ဖိုးရှိမှန်း မသိ

ခဲ့ကြ။ ထိုကိုးဂါထာကို ဂင်္ဂါဝါဠု သဲစုအမျှ ပွင့်တော်မူခဲ့ ကြသော ဘုရားရှင်များ သာသနာတော်အတွင်း နှုတ်မှာ ရွရွ ရွတ်ဆိုခဲ့ကြပြီ။ အာဂုံဆောင်ခဲ့ကြသည်။

ယခုအခါ 'သဝေမပါ ကိုးဂါထာ'ကို သရဏဂုံ (၃)ပါးဟု ခေါ်ဆိုကြပါသည်။

## သရဏဂုံ

'သရဏဂုံ' ဘာကြောင့် ဆိုရသနည်း မေးလာသော် မိုဝဲဆည်းကပ်သူအပေါင်းအား ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ အပါယ်ဘေးမှ ကင်းဝေး၍၊ ပူပန်ခြင်းကို ပယ်ဖျောက်နိုင်စွမ်း ရှိခြင်းကြောင့် 'သရဏဂုံ'ဟု မိန့်ဆိုကြပါသည်။

ရှင်းပါဦးအံ့။ မြတ်စွာဘုရားသည် သတ္တဝါတို့အား အစီးအပွားကို ဖြစ်စေပါသည်။ တရားတော်သည် သတ္တဝါတို့အား သံသရာမှ ထုတ်နုတ်၍ ချမ်းသာမှုကို ပေးသည်။ သံဃာတော်သည် ကောင်းမှုပြုကုန်သော သူတို့အား ချမ်းသာမှုကို ဖြစ်စေပါသည်။ ဘေးဘယာလည်း ကင်းဝေးစေပါသည်။

ထို့ကြောင့် 'ဘုရား၊ တရား၊ သံဃာ'ရတနာသုံးပါးသည် 'သရဏ'ဟု ခေါ်ဆိုပါသည်။ ထိုရတနာသုံးပါး

ကို ကိုးကွယ်ဆည်းကပ်သူသည် 'သရဏဂုံ'တည်သူဟု ခေါ်ပါသတည်း။

## ပင်စည်

တစ်နေ့သောအခါ ...။

မကွေးတိုင်း စလင်းမြို့ စလင်းကန့်လယ်ဆရာတော်ဘုရားကြီးထံသို့ တပည့်တစ်ဦးက နေ့စဉ်ပုတီးစိပ်ရန် 'ပုတီးစိပ်ကောင်းကောင်း'ချီးမြှင့်ပါရန် လျှောက်ထားတောင်းပန်၏။

ဆရာတော်ဘုရားကြီးက ...

"သရဏဂုံ စိပ်ပါ"ဟု မိန့်ဆိုတော်မူသည်။

တပည့်က ...

"တပည့်တော် အမြဲတမ်း သရဏဂုံစိပ်လျက် ရှိပါတယ်ဘုရား၊ အခြား ပုတီးစိပ်ကလေးများရှိလျှင် ချီးမြှင့်ပါဘုရား"ဟု လျှောက်ထားပြန်သော် ...

"ဟဲ့ ...ပင်စည်ကြီး ရနေမှတော့ အကိုင်းအခက်လိုသေးလားဟယ် ..."မိန့်ဆိုတော်မူပါသည်။

ထို့ကြောင့် ...မည်သည့်ဂါထာ မည်သည့်မန္တန်တွေမည်မျှပင် ကောင်းကောင်း အကိုင်းအခက်မျှသာ ဖြစ်ပါသည်။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသည်သာလျှင် 'ပင်စည်'ဖြစ်ပါသတည်း။

၂၂၀၄၀

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သို့မဟုတ်

## ကြီးကျယ်မြင့်မြတ်သော ဘုရားရှိခိုး

ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးကြရာ၌ လည်းကောင်း၊ ဘုန်းတော်ကြီးများထံ ငါးပါးသီလ ခံယူဆောက်တည်ကြသောအခါတို့တွင် လည်းကောင်း "နမောတဿ" အစချီကို သုံးခေါက်သုံးကြိမ် ရွတ်ဆိုကြရပါသည်။

အက္ခရာအားဖြင့် (၁၈)လုံးသာ ရှိပါသည်။ ရွတ်ဖတ်လို့လည်း လွယ်ပါသည်။ သို့သော်...တိုတိုနှင့် ထက်မြက်လှပါ၏။ ရှေးက သူမြတ်တို့က "မဟာနမက္ကာရ"ဟု ခေါ်ကြသည်။ မဟာနမက္ကာရဆိုသည်မှာ "ကြီးကျယ်မြင့်မြတ်သော ဘုရားရှိခိုး"ဟု အဓိပ္ပာယ်ရပါသည်။

မြတ်စွာဘုရား ပွင့်တော်မူစဉ်အခါက မူလပထမ

ဖူးတွေ့ရသော နတ်မင်းကြီးများက ဗုဒ္ဓဘုရားရှင်အား ကြည်ညိုလွန်း၍ ဖူးမဝဖြစ်ကြရာမှ ရွတ်ဆိုပူဇော်ကြသော ဘုရားရှိခိုးဟု သိရပါသည်။

၁။ သာဘာဂိရိ နတ်မင်းကြီးက "နမော"ဟု ရှိခိုး၏။

၂။ အသူရိန် နတ်မင်းကြီးက "တဿ"ဟု ရှိခိုး၏။

၃။ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့က "ဘဂဝတော"ဟု ရှိခိုး၏။

၄။ သိကြားနတ်မင်းကြီးက "အရဟတော"ဟု ရှိခိုး၏။

၅။ ဗြဟ္မာမင်းကြီးက "သမ္မာသမ္ဗုဒ္ဓဿ"ဟု ရှိခိုး၏။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿသည် အက္ခရာအားဖြင့် (၁၈)လုံး 'နဝင်း'ကြေသည်ဟု သတိပြုမိပါသည်။

တစ်ဖန် အက္ခရာများကို ဤသို့ဤနှယ် တြိဂံ 'ဓမ္မစေတီ'တည်ထား၍လည်း ရပါသေးသည်။

န

မော

တဿ

ဘဂဝတော

အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

စေတီကို အုတ်ကျောက်တို့ဖြင့် တည်ဆောက်သလို ရှေးကဆရာမြတ်တို့က 'အက္ခရာမေကဥ္စ ဗုဒ္ဓရူပံသမံ

သိယာ'ဟုလည်း ဆိုမိန့်ကြပါသည်။

အဓိပ္ပာယ်မှာ 'စာတစ်လုံး ဘုရားတစ်ဆူ'ဟု ဆိုရပါသည်။




ဂါထာမန္တန် ရွတ်ဖတ်သရဇ္ဈာယ်ကြသော သူတော်ကောင်းတို့သည် ထွက်နေ, တက်နေ, သက်နေ, အချိန်တို့၌ ရွတ်ဖတ်ကြကုန်၏။

တြိဂံသုံးထောင့်ပုံ၏ အားအစွမ်းကို ဆင်ခြင်ကြည့်ပါမူ ကမ္ဘာပေါ်၌ အထွတ်အမြတ် စေတီမှန်သမျှ တြိဂံပုံများပင် ဖြစ်ကြပါသည်။

ထွက်နေ၌ ရွတ်ဖတ်သရဇ္ဈာယ်မူ 'ဣစ္ဆာသတ္တိ'ခေါ် အလိုဆန္ဒ ပြည့်ဝနိုင်ခြင်း။

တက်နေ၌ ရွတ်ဖတ်သရဇ္ဈာယ်ပါမူ 'ဉာဏ်သတ္တိ' ခေါ် အသိဉာဏ်ပညာကို စွမ်းအားတက်စေခြင်း။

သက်နေ၌ ရွတ်ဖတ်သရဇ္ဈာယ်မူ အလုပ်အကိုင် စွမ်းအင်များကို ထက်မြက်စေသည်ဟု မှတ်သားရဖူးပါ

သည်။

'နမောတဿ'အစချီဂါထာသည် တိုတိုနှင့် ထိမိလှပါသည်။

အဓိပ္ပာယ်ဖွင့်ဆိုရသော်...။

| | | |
|---|---|---|
| အရဟတော | = | ရုပ်နာမ်ခန္ဓာ အာယနတို့၏ မပြတ်ဖြစ်ခြင်းဟူသော သံသရာစက်ကိုလေးတန်သော မဂ်ဉာဏ်ဖြင့် ဖြိုခွင်းအောင်မြင်၍ အရဟံဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူထသော– |
| သမ္မာသမ္ဗုဒ္ဓဿ | = | သံသရာစက်ကို ချိုးဖျက်၍ ခပ်သိမ်းသော တရားတို့ကို အကြွင်းမရှိ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓဿ ဂုဏ်တော်နှင့် ပြည့်စုံတော် မူထသော– |
| တဿဘဂဝတော | = | ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ထိုဘုရားသခင်အား– |
| နမော | | ရှိခိုးပါ၏။ |

ကျမ်းကိုးစာရင်း

- ဦးသော်ဇင်၏ မဟာနမက္ကာရစေတီတော်၊ ဆောင်းပါး (၁၉၈၈ ခုနှစ်၊ မတ်လ၊ ဝေဒမဂ္ဂဇင်း)

## စမ္ဗုဒ္ဓေ

'စမ္ဗုဒ္ဓေ' ၂မျိုး တွေ့ရပါသည်။ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီး 'စမ္ဗုဒ္ဓေ'နှင့် ဗောဓိပက္ခိယတရားများ ပါဝင်သော 'စမ္ဗုဒ္ဓေ'တို့ ဖြစ်ပါသည်။

### ဇလွန်မြို့
### ပြည်တော်ပြန် ဘုရားကြီးမှ
### စမ္ဗုဒ္ဓေ ဂါထာတော်

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ
သတ္တပေါဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ
စတု ပဋ္ဌာန် သဗ္ဗညု ဣန္ဒြော သဟာဿသုရိယော၊
ဩောင်း နမောမေတ္တာန် ရာဇဘယံ စောရဘယံ၊
ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ

ဇေယျော ဇယျတု မင်္ဂလံ အနိစ္စံသင်္ခတံ ပဋိစ္စ
သမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ
ဓမ္မံ ခမတိ။ ။

ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီး စမ္မခဏ်မှ ဂါထာတော် ဖြစ်ပါသည်။ ဤဂါထာတော်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ကြသောသူများ ဘေးအန္တရာယ် အသွယ်သွယ်အံ့ဖွယ်လွတ်မြောက်ကြကြောင်း အဖြစ်အပျက်များစွာ ကြားသိမှတ်ရဖူးပါသည်။

ထိုအဖြစ်အပျက် များစွာထဲမှတစ်ခု ထုတ်နုတ်တင်ပြရသော်...

တစ်နေ့သောအခါ...

ဟင်္သာတမြို့ မီးအကြီးအကျယ် လောင်ကျွမ်းခြင်းခံခဲ့ရဖူးပါသည်။ မီးလောင်ပြင်၌ ထီးထီးမားမားကွက်၍ မီးမလောင်ဘဲ ကျန်ရစ်ခဲ့သော ပျဉ်ခင်း ဝါးထရံကာ ဓနိမိုးအိမ်ကလေးပေါ်သို့ ရပ်ကွက်လူကြီးများ တက်ရောက်ကြည့်ရှုသောအခါ အိမ်အပေါ်ထရံ၌ စမ္မခဏ်ဂါထာ ရေးသားချိတ်ဆွဲထားသည်ကို အံ့သြစွာ တွေ့မြင်ကြရပါသည်။

မန္တလေးမြို့ ခေတ္တရာမန်းကားသင်းမှ ဦးသန်းမြင့်က စာရေးသူကို အောက်ပါအတိုင်း ပြောပြပါသည်။

"ကျွန်တော်တို့ အမေက ငယ်ငယ်ကတိုင် နှုတ်တိုက်ချပေးခဲ့တဲ့ ဂါထာပါ။ အဲဒီဂါထာကို နောက်မှ လူ

ပြောသူပြောများလာလို့ စမ္ပခဏ်ဂါထာဆိုတာ သိရတာပါ။ ကျွန်တော်က ငယ်ငယ်ကတိုင် ကားနဲ့ရင်းနှီးခဲ့ရတယ်။ ကားသမားဆိုပါတော့၊ ကားသမားဆိုတာ အင်မတန် အန္တရာယ်များပါတယ်။ ကားမှောက်နိုင်တယ်။ ကားလမ်းဓားပြ အန္တရာယ်လည်း ရှိတယ်။ အနှစ် ၂၀ကျော် ကားနဲ့အလုပ်လုပ်ခဲ့တဲ့ ဘဝတစ်လျှောက်မှာ ကားမမှောက်ခဲ့ဖူးပါ။ ခိုးသားဓားပြနဲ့လည်း မကြုံခဲ့ရပါ။ အဲဒါ ဘာကြောင့်လဲဆိုတော့...ကျွန်တော် ကားပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် စမ္ပခဏ်ဂါထာကို ကိုးခေါက်တိတိ ရွတ်တယ်လေ။ အံ့ဖွယ်ဂါထာပါပဲဗျာ...”ဟူ၏။

ဦးသန်းမြင့်၏ မိခင်ကြီးနှင့် စာရေးသူတွေ့တော့..

“တို့ရွာ ဓားပြခဏခဏ အတိုက်ခံရတယ်၊ ၁၉၅၃ ခုနှစ်၊ ၅၄ခုနှစ်လောက်ကပေါ့၊ အဘွားတို့က မော်တော်ပိုင်ဆိုတော့ ငွေကလေးကြေးကလေး ရှိသပေါ့ကွယ်...။

တစ်နေ့တော့ ဓားပြက တို့အိမ်ရယ်လို့ ဝင်တိုက်တာပဲ၊ ဒါပေမယ့် သူတို့ အိမ်မှားနေတယ်။ တို့အိမ်နဲ့ကပ်လျက် မြောက်ဘက်ကအိမ် ဝင်တိုက်မိနေတာကိုး။ နင်တို့မော်တော်ပိုင်တွေပဲ ဒါလောက်နဲ့ ဘယ်ရမလဲ၊ ထုတ်စမ်းနဲ့ ဆဲသံ ရိုက်သံတွေ ကြားနေရတယ်။ အဘွားတို့ကတော့ အဲဒီအချိန်မှာ အိမ်နောက်ဖေးက စပါးပုတ်ကြီးထဲ ဝင်ပုန်းနေကြတာပေါ့။ ပါးစပ်ကလည်း ဣတိပိ ပိဋကတ္တယံ နာနာရွတ်ရတာပေါ့ကွယ်။ နာရီဝက်လောက် ကြာမယ်ထင်

တယ် ဓားပြက ငါးယောက်ကွဲ၊ တစ်ဖက်အိမ်က ခမျာများလည်း လက်လုပ်လက်စား ဆင်းရဲသားတွေဆိုတော့ သူတို့ရိုက်တာ ကြိတ်မှိတ်ခံကြရရှာတယ်။ နောက်ဆုံးတော့ ဓားပြတွေလည်း ရိုက်နှက်ပြီး စိတ်ပျက်လက်ပျက်နဲ့ ဆဲဆို ထွက်သွားကြတယ်။ တို့အိမ်ကို ဓားပြတွေ ရှာမတွေ့တာက စမ္ဗုဒ္ဓေဂါထာရဲ့ တန်ခိုးပဲ။ ဒါကြောင့် စမ္ဗုဒ္ဓေဂါထာကို ကိုယ်ပျောက်ဂါထာလို့တောင် ပြောလို့ရတယ်ကွဲ့"..ဟူ၏။

## ဗောဓိပက္ခိယ တရားများပါဝင်သော စမ္ဗုဒ္ဓေဂါထာ

လောကတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ
စတုသတိပဋ္ဌာနံ စတုသမ္မပ္ပဓာနံ စတုဣဒ္ဓိပါဒံ
ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တဗောဇ္ဈင်္ဂေါ
အရိယော၊
အဋ္ဌင်္ဂိကော မဂ္ဂေါ သဗ္ဗသဏ္ဍဿော သဟာဿ
သူရိယော၊
ဩော်င်း– နမော ဗုဒ္ဓါနံ ရာဇတယံ စောရဘယံ
ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ
ဇေယျော ဇေယျတုမင်္ဂလံ အနိစ္စ သခ်တံ ပဋိစ္စ
သမုပ္ပန္နံ ခရဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ

ဓမ္မံ ခမတိ။ ။

ဤဂါထာတော်သည်လည်း အလွန် အစွမ်းထက်သော ဂါထာဖြစ်ကြောင်း ဆရာတော်သမားနှင့် စာတတ်ပေတတ် လူကြီးသူမများက ဆိုညွှန်းခဲ့သော ဂါထာဖြစ်ပါ၏။

မူရင်းမှာ (စတုပဋ္ဌာန်)ဖြစ်၍ (စတုသတိပဋ္ဌာန်) ဟူ၍ မန်လည်ဆရာတော်ဘုရားကြီးက ဖြည့်စွက်ပေးထားသည်ဟုလည်း မှတ်ရဖူးပါသည်။

ဤဂါထာတော် ရွတ်ဖတ်သရဇ္ဈာယ် ပွားများသူများ မည်သူမျှ ရန်မမူနိုင်။ ရန်ပြုဖို့ ဗိုလ်ခြေတစ်ထောင် ဝိုင်းရှာဖွေသော်မှ မတွေ့နိုင်။ 'ကိုယ်ပျောက်ဂါထာ'ဟုလည်း ဆိုမိန့်ကြပါသည်။

## ဗောဓိပက္ခိယတရား

ဗောဓိပက္ခိယတရားများသည် မြတ်စွာဘုရားသခင် ထူးသောဉာဏ်ဖြင့်သိ၍ ဟောကြားတော်မူသော တရားများ ဖြစ်ပါသည်။ ဗောဓိပက္ခိယကရားများကို ရွတ်ဆိုပွားများပါက ဘေးရန်အန္တရာယ် ကင်းရှင်းပါကြောင်း။

## အန္တရာယ်ကင်း လာဘ်ရွှင်ဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပဂုပက္ကမေန တထာဂတံ ဇီဝိတာ
ဝေါရောပေယျ အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာ ယန္တိ။ ။

## မြန်မာပြန်

ရဟန်းတို့..သူတစ်ပါးတို့၏ လုံ့လပယောဂကြောင့် ငါဘုရား ပရိနိဗ္ဗာန်စံရန် အကြောင်းအခွင့်မရှိ။

ရဟန်းတို့..ငါဘုရားတို့သည် သူတစ်ပါးတို့၏ လုံ့လပယောဂ မရှိဘဲနှင့် ပရိနိဗ္ဗာန်စံရမြဲ ဖြစ်ကုန်သည်။

(စူဠဝဂ္ဂပါဠိတော်)

# အန္တရာယ်ကင်း လာဘ်ရွှင်ဂါထာ

ဎင်းဂါထာသည် အစွမ်းထက်မြက်ပါဘိသည်။ ဘေးရန်အန္တရာယ် အမျိုးမျိုးကို ကာကွယ်စောင့်ရှောက်သည်။ ကိုယ်တွေ့ ဖြစ်ပါသည်။ စာရေးသူ၏ ကိုယ်တွေ့ထက် အံ့ဖွယ်ကောင်းလှသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးက စာရေးဆရာ ဓမ္မာစရိယ ဦးဌေးလှိုင်ကို အထက်ပါဂါထာနှင့် ပတ်သက်၍ မိန့်မြွက်သည်ကို ရှုကြပါဘိ။

စံကင်းဆရာတော်ဘုရားကြီးက …

"အေး…ဒါကို ရွတ်ဖတ်တဲ့အခါမှာတော့ မေတ္တာပို့ပြီးမှ ရွတ်ဖတ်ရမယ်။ မေတ္တာမပို့ဘဲရွတ်ရင် ကိုယ့်အပေါ်မှာ မကောင်းကြံစည်သူများရှိရင် တန်ပြန်(ဒဏ်ပြန်)တတ်တယ်။ မေတ္တာပို့ပြီးမှရွတ်တော့ ကိုယ့်မှာလည်း အန္တရာယ်

ကင်းတယ်၊ တစ်ဖက်မှာလည်း အန္တရာယ်ကင်းတယ်”

စံကင်းဆရာတော်ဘုရားကြီး ငယ်စဉ်ဘဝက ကြုံရပုံကို ဤသို့ မိန့်မြွက်ပါသေးသည်။

“အဲဒီနှစ်က အရပ်ထဲမှာ ၁၄နှစ်သားလောက်ရှိတဲ့ လူငယ်တစ်ယောက် ပယောဂဝင်ပြီး ဆူလိုက်, ဆဲလိုက်, ငိုလိုက် လုပ်နေတယ်။ ဘယ်သူမှ ပြောမရ ဆွဲမရ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ ဒါနဲ့…တို့ဆီကို ခေါ်လာတယ်။ “အဋ္ဌာနမေတံ”တစ်ကြောင်းတည်းရေးပြီး သူ့လည်ပင်း ဆွဲလိုက်တယ်။ ‘ဘုန်းကြီးနိုင်သဟ’ ‘ဘုန်းကြီးနိုင်သဟ’နဲ့ပြောပြီး ပျောက်သွားတယ်”ဟူ၏။

ထို့ကြောင့် အဋ္ဌာနမေတံ အစချီဂါထာကို အနည်းဆုံး တစ်နေ့တစ်ခေါက် ရွတ်ပါ။ ဂါထာကို ရိုသေစွာရေးသားပြီး မြင့်မြတ်သောနေရာတွင် ချိတ်ဆွဲထားပါ။ အံ့သြလောက်အောင် ဘေးရန်အန္တရာယ် ကာကွယ်ပါကြောင်း အစီရင်ခံရပါသတည်း။

✿ ✿ ✿

## ပထမံဂါထာတော်

ပထမံဂါထာတော်ကား လောကီအရာ၌ လည်းကောင်း၊ လောကုတ္တရာ၌ လည်းကောင်း တန်ဖိုးမဖြတ်နိုင်သော ဂါထာကြီး ဖြစ်ပါသည်။

အလွန်ထက်မြက်လှ၍ တန်ပြန်ဂါထာဟု လည်း သတ်မှတ်ကြပါသည်။ အရေးအကြောင်း တစ်ရာကြုံလျှင် ရေစင်သန့်သန့်ကို မန်း၍ သောက်ပါ၊ တိုက်ပါဟု ရှေးက ဆရာမြတ်တို့က အမှာရှိပါသည်။

## ပထမံဂါထာတော်

ပထမံ သက လက္ခဏာ မေကပဒံ
ဒုတိယာဒိ ပဒသ နိဒဿနတော
သမနီ ဒုနိမာ
သမဒူ သနိဒူ
ဝိဘဇေ ကမတော ပထမေန ဝိနာ

## ဖွဲ့နွဲ့သီကုံးသူ

ဤဂါထာတော်မြတ် ဖွဲ့နွဲ့သီကုံးသူမှာ ပုဂံခေတ် နရပတိစည်သူ မင်းကြီးလက်ထက် မြန်မာနိုင်ငံ သာသနာသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော အရှင်သဒ္ဓမ္မဇောတိပါလ မထေရ် ဖြစ်၏။

ထိုအရှင်သဒ္ဓမ္မဇောတိပါလ မထေရ်သည် ရောဝတီတိုင်း ငပုတောမြို့မှ ကုန်သည်တစ်ဦး၏ သားဖြစ်ပြီး၊ ရှင်သာမဏေဘဝမှစ၍ မိမိ၏ ဘုန်းတော်ကြီးနှင့်အတူ သီဟိုဠ်နိုင်ငံသို့ လိုက်သွားကာ ပိဋကတ်တော်များ သင်ကြားတော်မူသည်။

ပိဋကတ်သုံးပုံကို အာဂုံဆောင်တော်မူပြီး အနက်အဓိပ္ပာယ်တို့ကို ကျွမ်းကျင်တတ်မြောက်တော်မူ၍ 'တိပိဋကဓရ' 'ပိဋကတ္တိယပါရဂူ' 'ပိဋကတ္တယဆေက'ဘွဲ့တော်များ ရရှိတော်မူသောအခါ သီဟိုဠ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူပါသည်။

မြန်မာနိုင်ငံ ပုဂံပြည်၌ ကြွရောက် သီတင်းသုံးတော်မူပြီး "အရှင်သဒ္ဓမ္မဇောတိပါလမထေရ်"ဟူသော ဘွဲ့အမည်တော်ဖြင့် ထင်ရှား ကျော်ကြားတော်မူခဲ့သည်။

ပထမံဂါထာတော်ကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၈၀၀ကျော်ခဲ့ပြီ။ ၎င်းဂါထာတော်သည် ၁၂လုံးဘွဲ့ ၄ပိုဒ်ဖြင့် ရေးသားဖွဲ့ဆိုထားသော ဂါထာတော်ဖြစ်၏။ တစ်ပိုဒ်စီတစ်ပိုဒ်စီ၌ "သ-ဂိုဏ်း" ၄ကိုင်းစီ ရှိသည်။

သ-ဂိုဏ်းသည် လေနတ်သားစောင့်သော ဂိုဏ်းဖြစ်၍ ယုံကြည်မှု၊ ထက်သန်သော စေတနာ၊ ကြီးမားသော ဝီရိယ၊ မမေ့သော သတိတရားတို့ဖြင့် ရွတ်ဆိုပွားများသော သူတို့ကို ပျောင်းမြန်ထက်မြက်သော အကျိုးထူးများ ရရှိနိုင်ပါသည်။

## တန်ဖိုးမဖြတ်နိုင်

ထို့ကြောင့် ပထမံဂါထာတော်ကား လောကီအရာ၌ လည်းကောင်း၊ လောကုတ္တရာ၌ လည်းကောင်း၊ တန်ဖိုးကြီးမားလှသော ဂါထာတော်ကြီး ဖြစ်ပါသတည်း။

ထို့အပြင် ဤဂါထာတော်မြတ်သည် အလွန်ထက်မြက်လှ၍ တန်ပြန်ဂါထာဟုလည်းကောင်း သတ်မှတ်ကြပါသည်။ အရေးအကြောင်း တစ်စုံတစ်ရာကြုံလျှင် ရေစင်သန့်သန့်ကို မန်း၍ သောက်ပါ၊ တိုက်ပါဟူ၍ လည်းကောင်း ရှေးဆရာမြတ်တို့က အမှာစကား ရှိပါသည်။

### အရေးအသား

'ပထမံ'နှင့် 'ပဌမံ' ရှင်းလင်းလိုပါသေးသည်။ အရှင်ဆပ္ပဒ္ဓ မထေရ်မြတ် စီရင်တော်မူသည့် သဒ္ဒေပဝဏ္ဏနာဋီကာ အပါအဝင် ဋီကာသုံးကျမ်းတွဲကို ၁၉၂၇ခုနှစ် သုဓမ္မဝတီ ပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့သည်။ စာမျက်နှာ ၂၇၁၊ သဒ္ဒေပဝဏ္ဏနာဋီကာ သတ္တမကဏ္ဍ၌–

ပဌမံ သက လက္ခဏာ မေကပဒံ
ဒုတိယာဒိ ပဒဿ နိဒဿနတော
သမနီ ဒုနိမာ သမဒူ သနိဒူ

ကမတော ဝိဘဇေ ပဌမေန ဝိနာ– ဟူ၍ တွေ့ရှိရပါသည်။

၁၉၂၈ခုနှစ်၊ ကြည့်မြင်တိုင် ရွှေပြည်ညွန့် စာပုံနှိပ်တိုက်မှ ရိုက်နှိပ်သော ရွှေတောင်မြို့ ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ 'မနောရထပူရဏီကျမ်း'ဒုတိယတွဲ စာမျက်နှာ ၂၁၃တွင်...

ပထမံ သက လက္ခဏာ မေကပဒံ
ဒုတိယာဒိ ပဒဿ နိဒဿနတော
သမနိ ဒုနိမာ သမဒူ သနိဒူ
ဝိဘဇေ ကမတော ပထမမေန ဝိနာ
ဟု တွေ့ရှိရပါသည်။

'ပဌမံ'နှင့် 'ပထမံ' ၂မျိုးတွင် ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏မူကို ယူပါသည်။ ပထမံ၌ "ထ" အက္ခရာသည် နေမင်း၏ မူလအက္ခရာ "ဝ"နှင့် လမင်း ၏ မူလအက္ခရာ 'ဝ'တို့ကို နှစ်လုံးပူးဆက်ထားသော အက္ခရာဖြစ်ခြင်း။ ဗျည်း ၃၃လုံးတွင် အလယ်ဗဟို၌ ကျရောက်ခြင်းတို့ကြောင့် "ပထမံ"ကို 'ပထမံ'ဟု ရေးသား၊ သုံးစွဲရခြင်း ဖြစ်ပါသည်။

နောက်ဆုံးအပိုဒ်တွင် 'ဝိဘဇေ ကမတော'ဟူ၍ လည်းကောင်း 'ကမတော ဝိဘဇေ'ဟူ၍ လည်းကောင်း၊ အပြန်အလှန်ရှိရာ ဝိဘဇေနှင့် ကမတော ၂ပိုဒ်လုံး ရှေ့နောက်ဘယ်လိုပဲထားထား အမှန်ချည်း ဖြစ်ပါသည်။ မိမိ

တို့နှုတ်အာနှင့် သင့်သလို ရွတ်ဆိုနိုင်ပါသည်။

## ကျေးဇူးစကား

ဤပထမပံ့ဂါထာတော်နှင့် ပတ်သက်၍ အထောက်အထား အကိုးအကားစာအုပ်များ မေတ္တာဖြင့် ကူညီရှာဖွေလက်ဆောင်ပေးသော တောင်ကြီးမြို့၊ အမှတ် ၁၂၀၊ လမ်းမတော်နေ ဦးနီ–ဒေါ်သန်းသန်းအေးတို့ မိသားစုအား ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြု မှတ်တမ်းတင်ပါသည်။

## မဟာဝေဒဗ္ဗ မန္တန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(သုံးခေါက် ရွတ်ဆိုပါ)

(၁)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဣတိပိ သော ဘဂဝါ အရဟံ
သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော
သုဂတော လောကဝိဒူ အနုတ္တရော
ပုရိသဒမ္မသာရထိ သတ္ထာဒေဝ
မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။
ဗုဒ္ဓေါမေ သရဏံ အညံ
ဗုဒ္ဓေါမေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန

ဟောတုမေ ဇယမင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၂)

ဓမ္မံ သရဏံ ဂစ္ဆာမိ
သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိ ပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိ တဗ္ဗော ဝိညူဟိတိ။
နတ္ထိမေ သရဏံ အညံ
ဓမ္မောမေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယမင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၃)

သံဃံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော
သာဝက သံဃော၊ ဉာယပ္ပဋိပန္နော

ဘဂဝတော သာဝက သံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော
သာဝက သံဃော၊ ယဒိဒံစတ္တာရိ ပုရိသ
ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုဏေယျော ဒက္ခိဏေယျော
အဉ္ဇလိ ကရဏီယော
အနုတ္တရံပုည ကွေတ္တံ လောကဿာတိ။
နိတ္ထိမေ သရဏံ အညံ
သံဃောမေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၄)

သမာဒိယိ ပဉ္စသီလံ
အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယမင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၅)

နဇိဝိတန္တရာယောမိ
ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၆)

န ဉာဏန္တရာ ယောပိ
ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

(၇)

န ရသ္မိံ အန္တရာယောပိ
ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။

ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၈)

ဗုဒ္ဓေါ အဘိဇ္ဇကာယောပိ
နတ္ထိလောဟိတ သုဒနံ။
ဇေတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၉)

သဒ္ဓါမေ ဓမ္မသေဋ္ဌိမှိ
သံသယော နတ္ထိ သဗ္ဗဒါ
ဇေတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၁၀)

သဒ္ဓါ မေ သေဋ္ဌမှိ
သံသယော နတ္ထိ သဗ္ဗဒါ

ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၁၁)

သဒ္ဓါမေ သံဃ သေဋ္ဌမှိ
သံသယော နတ္ထိ သဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန
ဟောတုမေ ဇယ မင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ။

(၁၂)

နတ္ထိမေ သရဏံ အညံ
ဗုဒ္ဓေါမေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ
မယိကင်္ခါ နုဝိစ္ဆတိ။
ဧတေန သစ္စဝဇ္ဇေန
ပဝဿန္တု သတ္တရတနာ။
နတ္ထိမေ သရဏံ အညံ
ဓမ္မောမေ သရဏံ ဝရံ။

ဇတ် သရဏ် ဥပေမိ
မယိကာခ်ါန ဝိဇ္ဇတိ။
ဇတေန သစ္စဝဇ္ဇေန
ပဝဿန္တု သတ္တရတနာ။
နတ္ထိမေ သရဏ် အည်
သံယောမေ သရဏ် ဝရံ
ဇတ် သရဏ် ဥပေမိ
မယိကာခ်ါ နဝိဇ္ဇတိ။
ဇတေန သစ္စဝဇ္ဇေန
ပဝဿန္တု သတ္တရတနာ။

**မှတ်ချက်** ။ ။ ဝေဒဗ္ဗမန္တန် မြန်မာဘာသာပြန်ကို ဤစာအုပ်၏နောက်ပိုင်း၌ ဖော်ပြထားပါသည်။

(၁)

အထက်ပါ ဝေဒဗ္ဗမန္တန်ပါရှိသော စာအုပ်ကလေးကို လွန်ခဲ့သော ၁၉၈၄ခုနှစ်ဦးပိုင်းက ရန်ကုန် ရွှေတိဂုံ စောင်းတန်းရှိ စာအုပ်ဆိုင်တစ်ဆိုင်မှ ဝယ်ယူရရှိခဲ့ပါသည်။

စာရေးသူ ရန်ကုန်ရောက်လျှင် ပုဇွန်တောင် မြ

သိန်းတန်ကျောင်းတိုက် ဆွမ်းစားကျောင်း အပေါ်ထပ်တွင် တည်းခိုလေ့ရှိပါသည်။ ယင်းဆွမ်းစားကျောင်း အပေါ်ထပ်တွင် စာချဆရာတော် အရှင်ဣန္ဒက (ပါဠိပါရဂူ)သီတင်းသုံး နေထိုင်ပါသည်။

ဆရာတော်နှင့် စာရေးသူတို့သည် ဒကာရင်းဆရာရင်းများ ဖြစ်ကြပါသည်။ စာရေးသူက ဝေဒဗ္ဗမန္တန်ရွတ်လို၍ ဆရာတော်ထံ ရွတ်ဖတ်ပုံရွတ်ဖတ်နည်း ချီးမြှင့်ပေးပါရန် လျှောက်ထားရပါသည်။ ဆရာတော်က စိတ်ရှည်လက်ရှည် ညွှန်ကြား ချီးမြှင့်ပေးပါသည်။

"အေးဗျ...ဒကာကြီးက ဝေဒဗ္ဗမန္တန်ကို စိတ်ဝင်စားသကိုး၊ ဒီဝေဒဗ္ဗမန္တန် ဘုရားဟော ငါးရာငါးဆယ်ဇာတ်ပါတ် (၄၈)ခုမြောက် ဝေဒဗ္ဗဇာတ်တော်မှာပါတယ်။ နက္ခတ်နဲ့ကြုံကြိုက်တုန်း ဝေဒဗ္ဗမန္တန်ရွတ်ရင် ရတနာရွှေမိုးငွေမိုးတောင် ရွာဆိုပဲ..."

"မှန်ပါ့ ဘုရား..."

"ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ဖွဲ့ဆိုထားတဲ့ မန္တန်ဗျ၊ တစ်နည်းပြောရရင် သစ္စာမန္တန်ပေါ့ဗျာ။ ဒါကြောင့် အကြံအစည်အောင်ချင်ရင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည်နေချင်ရင် ရွတ်ဗျ၊ ပစ္စည်းဥစ္စာရတနာ တိုးတက်နိုင်ပါတယ်။ မန္တန်ရွတ်တဲ့အခါမှာ ရွတ်ဆိုတဲ့လူရဲ့ သဒ္ဒါ တရား သီလ သမာဓိပေါ်မှာလည်း မူတည်သေးတယ် ဒကာကြီး..."

"မှန်ပါ ဘုရား"

"သစ္စာနဲ့ပတ်သက်ပြီး ပြောရရင် သံယုတ် ပါဠိတော်က သစ္စံ ဟဝေ သာဒုတရံ ရသာနံ တဲ့ဗျာ၊ လောကမှာ အချိုမြိန် အရသာတွေထဲမှာ သစ္စာစကားသည်သာ အချိုမြိန်ဆုံးတဲ့။ ကျုပ်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူခဲ့တယ်။ ဒါကြောင့် 'မှန်သောစကားကို အကြောင်းပြုပြီး၊ သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ ပြန်ရှင်ရ၏ တဲ့ဗျ..."

(၂)

စာရေးသူသည် ဝေဒဗ္ဗမန္တန်ကို နှုတ်မှာရွရွ အရကျက်ခဲ့ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါသည်။ နီးစပ်ရာ ခမ္မမိတ်ဆွေများကိုလည်း ဝေဒဗ္ဗမန္တန် ရေးကူးပေးပါသည်။

တစ်နေ့သောအခါ...။

စာရေးသူနေထိုင်ရာ မကွေးမြို့၊ အမှတ် ၆၊ မဲထီးလမ်းနေအိမ်သို့ နံနက်စောစော လူငယ်တစ်ယောက် ရောက်ရှိလာပါသည်။ အသားဖြူဖြူ အသက်အားဖြင့် ၂၆နှစ်လောက် ရှိပါလိမ့်မည်။

"ကျွန်တော် ပုလဲနှင့်ငါးလုပ်ငန်းဌာနမှ မောင်ခင်မောင်တင့်ပါ၊ မန်းသံပရာကန် ရေနံချက်စက်ရုံကို လာရင်းနဲ့ ဆရာ့ကို ဝင်ကန်တော့တာပါ" ပြောပြောဆိုဆိုနှင့်

ကိတ်မုန့်တစ်လုံးကို ရှေ့မှချ၍ ဝတ်ပြုကန်တော့ပါသည်။

"သာဓုဗျာ...၊ သာဓု...၊ သာဓု...။ ကျန်းမာ၍ ချမ်းသာပါစေ။ မင်္ဂဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရောက်နိုင်ပါစေ"ဟု ဆုပေးလိုက်ပါသည်။

"အလျင်က မကွေးရောက်ဖူးသလား"ဟု မေးတော့...

"မရောက်ဖူးပါဘူး ခင်ဗျာ။ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။ ကျွန်တော့်ဖခင်က ဗိုလ်ဗျူးကျော်တင့်ပါ။ သာယာဝတီ ပန်းကန်စက်ရုံ၊ စက်ရုံမှူးပါ။ ခုတော့ ပင်စင်ယူပါပြီ"

"နေတော့ကော ဘယ်မှာနေလဲ"

"ကျွန်တော့် မိဘများနဲ့အတူ ရန်ကုန်မြို့၊ အမှတ် ၄၇၊ ၃၁လမ်းမှာ နေပါတယ် ခင်ဗျ။

"ဆရာ့ကို ဆရာ့စာတွေဖတ်ပြီး ကြည်ညိုနေတာပါ။ အထူးသဖြင့် ဆရာရေးတဲ့ ရတနာမြတ်သုံးပါး ကိုယ်တွေ့ဖြစ်ရပ်များ စာအုပ်ဖတ်ပြီးကတည်းကတိုင် ဆရာ့ကို မြင်ချင်တွေ့ချင် ကန်တော့ချင်နေတာပါ"

"အေးဗျာ...ဒါကတော့ ကိုယ်လုပ်မှ ကိုယ်ရတာပါဗျာ..."

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အေးဗျာ...ကျုပ်ကလည်း ခုလို ကိုခင်မောင်တင့်လို လူငယ်လူရွယ်တွေ မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့

ဘာသာရေးကို ကိုင်းရှိုင်းစေချင်တဲ့ စေတနာနဲ့ ရေးတာပါ။ စာတတ်ပေတတ်တော့ မဟုတ်ဘူးပေါ့ဗျာ။ အဲ အမှတ်ရတုန်း...ပြောရဦးမယ်၊ ခုတလော ကျုပ်လည်း ဝေဒဗ္ဗမန္တန် ရထားသဗျ..."

"ဟုတ်လားခင်ဗျ၊ ကျွန်တော် ယူချင်ပါတယ်"

"ရပ့ါဗျာ..."

ပြောပြောဆိုဆိုပင် စာရေးသူက မဟာဝေဒဗ္ဗမန္တန်ကိုရေး၍ ကိုခင်မောင်တင့်လက်သို့ ပေးလိုက်ပါ၏။ ရွတ်ပုံရွတ်နည်း သုံးကြိမ်မျှ ရွတ်ပြလိုက်သေး၏။

ထိုအချိန်မှစ၍ ကိုခင်မောင်တင့်နှင့် ကျွန်တော်ရင်းနှီးသွားပါသည်။ ကျွန်တော် ရန်ကုန်ရောက်တိုင်း၊ ကိုခင်မောင်တင့်သည် ကျွန်တော်ရှိရာ ဘုန်းကြီးကျောင်းသို့ လိုက်လာပြီး ထမင်းဖိတ်ကျွေးလေ့ ရှိပါသည်။ သူနှင့်အတူ ဆူးလေဘုရား၊ ရွှေတိဂုံ၊ မိုလ်တထောင်ဘုရား သွားရောက် ပုတီးစိပ်ဖြစ်ကြပါသည်။

တလောက ကျွန်တော် ရန်ကုန်သို့ တစ်ခေါက်ရောက်သောအခါ ကိုခင်မောင်တင့်ဖခင် မိုလ်မှူးကျော်တင့်က...

"ဆရာရေ..... သားလေး မောင်ခင်မောင်တင့်သင်္ဘောသားဖြစ်သွားပြီ ဆရာ၊ နိုင်ငံခြားသင်္ဘောနဲ့ လိုက်သွားပြီ"ဟု တအံ့တသြ ကြားသိရပါသတည်း။

(၃)

ကျွန်တော်တို့သည် ဥပုသ်နေ့တိုင်း မကွေးမြို့ ဘုရားသုံးဆူအနီးရှိ နိမသောင်ဘုရားသို့ သွားရောက်ဖူးမြော်လေ့ ရှိပါသည်။ ပန်း ရေချမ်း ဆီမီး အမွှေးတိုင် ကပ်လှူလေ့ရှိပါသည်။

ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော်၊ စက်ပြင်ဆရာ ဦးပန်းစိန်၊ ကုန်သွယ်ရေး(၄)ပင်စင်စား ဦးသွင်(ခေါ်) ဦးသိန်းဟန်တို့ ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးယောက်သည် မိုးရွာရွာ၊ နေပူပူ ဥပုသ်နေ့တိုင်း 'နိမသောင်'ဘုရားသို့ အမြဲဒွန်မပျက် ရောက်ကြပါသည်။

ဦးသွင်(ခေါ်)ဦးသိန်းဟန်က ဝေဒဗ္ဗမန္တန်ကို မန္တန်တစ်ခုလုံးရွတ်ပြီးတိုင်း ပုတီးတစ်လုံးချ၊ ပုတီးစိပ်ပါတော့သည်။ တစ်နာရီတိတိ ကြာ၏။ သည်လိုနှင့် ဖလမျှကြာသောအခါ ဦးသွင်က ဤသို့ပြော၏။

"ကိုဝင်းမြင့်ရေ..ဝေဒဗ္ဗမန္တန်ကတော့ စွမ်းသဗျို့"

"ဟုတ်လား...ကိုကြီးသွင်၊ စွမ်းပုံပြောပါဦး"

"ခင်ဗျားသိတဲ့အတိုင်းပဲလေ၊ ကျုပ် ဝေဒဗ္ဗမန္တန်ကို ပုတီးစိပ်လာတာ ကြာပြီ၊ ဟော..တစ်နေ့က ကျုပ်လျှောက်ထားတဲ့ လျှပ်စစ်မီတာ ရပြီတဲ့၊ ငွေသွင်းပါတဲ့၊ စာရောက်လာသဗျ၊ ကျုပ်ဖြင့် လျှောက်ထားတာ မေ့တောင်နေပါပြီ

ဗျာ၊ ကျုပ်ပင်စင်ယူတာကိုပဲ သုံးနှစ်ရှိပြီ”

“တယ်ဟုတ်ပါလား ကိုကြီးသွင်”

“ဟုတ်ဆို...ကိုယ်တွေ့ပဲလေ...သစ္စာမန္တန်တန်ခိုးပေါ့ဗျာ”

ကျွန်တော်နှင့် စက်ဆရာဦးပန်းစိန်တို့က ဝမ်းပန်းတသာ နားထောင်မိပါသည်။ ပြီးတော့ အားရပါးရ ဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။ ထိုနေ့က နိမသောင်ဘုရားရင်ပြင်ဝယ် ဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်သံများ ခါတိုင်းနေ့များထက် မွှေးထုံသင်းပျံ့နေသည်ဟု ထင်ပါသတည်း။

❂ ❂ ❂

## မဟာဝေဒဗ္ဗ မန္တန်

(၁) ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။
သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ ပူဇော် အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ အရဟာ မည်တော်မူပါပေ၏။
သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ တရားအလုံးစုံကို မဖောက်မပြန် ကိုယ်တော်တိုင်

သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာ သမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ ဝိဇ္ဇာသုံးပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဤသို့ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတော သုဂတ မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ လောကသုံးပါးကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ လောကဝိဒူ မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ ဆုံးမထိုက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာတွင် ယှဉ်ဘက်ကင်းလတ် မြတ်သောဂုဏ်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ နတ်, လူ, ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော အ

ကြောင်းကြောင့်လည်း သတ္တဒေဝ မနုဿနံ သတ္တိ ဒေဝ မနုဿန မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ သစ္စာလေးပါးကို သိတော်မူသော အကြောင်းကြောင့် လည်း ဗုဒ္ဓေါ ဗုဒ္ဓ မည်တော်မူပါပေ၏။

သောဘဂဝါ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ ဘဂဝါ မည်တော်မူ ပါပေ၏။

ဣတိပိ ဤသို့ အဖန်ဖန် အောက်မေ့ပါ၏။

မေ၊ တပည့်တော်အား။ အညံ၊ ဘုရားမှတစ်ပါးသော သရဏံ ကိုးကွယ်ရာသည် နတ္ထိ မရှိ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ တပည့်တော်၏၊ ဝရံ သရဏံ မြတ်သော ကိုးကွယ်ရာတည်း။

ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ၊ တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည် ဟောတု ဖြစ်ပါစေသတည်း။

မေ၊ တပည့်တော်၏။ အာယုဝဍ္ဎနံ အသက်ရှည် ခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။

မေ၊ တပည့်တော်၏။ သုခဝဍ္ဎနံ ချမ်းသာတိုးပွား ခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။

(၂) ဓမ္မ တရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။
ဘဂဝတော မြတ်စွာဘုရားသည် ဓမ္မော မဂ်ဖိုလ် နိဗ္ဗာန်ဓမ္မက္ခန် ပရိယတ်ဆယ်ပါးသော တရားတော် မြတ်ကို သွာက္ခာတော ကောင်းစွာ ဟောကြားတော် မူအပ်၏။ ဘဂဝတော မြတ်စွာဘုရားသည် သွာက္ခာ တော ကောင်းစွာ ဟောကြားတော် မူအပ်သော ဓမ္မော မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သော တရားတော်မြတ် သည် သန္ဒိဋ္ဌိကော ကိုယ်တိုင်သိမြင်အပ်သော တရား တော်မြတ်ပါပေတည်း။
ဓမ္မော မဂ်လေးပါး တရားတော်မြတ်သည် အကာလိ ကော အခါမလင့်ဘဲ ချက်ချင်း အကျိုးပေးတတ် သော တရားတော်မြတ်ပါပေတည်း။
ဓမ္မော လောကုတ္တရာ ကိုးပါးသည် ဟေိပဿိကော လာလှည့်, ရှုလှည့်ဟု နိုးဆော်တိုက်တွန်းသော တ ရားတော်မြတ်ပါပေတည်း။
ဓမ္မော လောကုတ္တရာ ကိုးပါးသည် ဩပနေယျိကော ပုဆိုးမီးလောင်, ခေါင်းမီးလောင်လည်း ငြိမ်းအောင် ပြုရေး, မပြုသေးဘဲ အရေးကြီးစွာ ဘာဝနာဖြင့် စိတ်မှာစွဲအောင် အမြဲဆောင်ထိုက်ပါပေ၏။
ဓမ္မော လောကုတ္တရာ ကိုးပါးကို ဝိညူဟိပညာရှင်တို့ သည် ပစ္စတ္တံ ကိုယ်စီအမှန် ကိုယ်သဏ္ဍာန်၌ ဝေဒိ

တဗ္ဗော သိမြင်အပ်ပါပေ၏။

ဣတိ ဤသို့ အဖန်အဖန် အောက်မေ့ပါ၏။

မေ၊ တပည့်တော်အား။ အညံ၊ တရားမှတစ်ပါး ကိုးကွယ်ရာသည် နတ္ထိ မရှိ။

ဓမ္မော တရားတော်မြတ်သည်၊ မေ တပည့်တော် ၏၊ ဝရံ သရဏံ မြတ်သောကိုးကွယ်ရာတည်း။

ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည် ဟောတု ဖြစ်ပါစေသတည်း။

မေ တပည့်တော်၏ အာယုဝမ္မန် အသက်ရှည်ခြင်း သည် ဟောတု ဖြစ်ပါစေသတည်း။

မေ၊ တပည့်တော်၏ သုခဝမ္မန် ချမ်းသာတိုးပွား ခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။

(၃) သံဃံ သံဃာတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

ဘဂဝတော မြတ်စွာဘုရား၏ သာဝက သံဃော တပည့်သား သံဃာတော်သည် သုပ္ပဋိပန္နော ကောင်း စွာ ကျင့်တော်မူပါပေ၏။

ဘဂဝတော မြတ်စွာဘုရား၏ သာဝက သံဃော တပည့်သား သံဃာတော်သည် ဥဇုပ္ပဋိပန္နော ဖြောင့် စွာ ကျင့်တော်မူပါပေ၏။

ဘဂဝတော မြတ်စွာဘုရား၏ သာဝက သံဃော တပည့်သား သံဃာတော်သည် ညာယပ္ပဋိပန္နော နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူပါပေ၏။

ဘဂဝတော မြတ်စွာဘုရား၏ သာဝက သံဃော တပည့်သား သံဃာတော်သည် သာမိစိပ္ပဋိပန္နော ရိုသေထိုက်အောင် ကျင့်တော်မူပါပေ၏။

ယဒိဒံ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ အကြင်ပုဂ္ဂိုလ်လေးစုံတို့သည် အဋ္ဌပုရိသ ပုဂ္ဂလာရှစ်ပါးသော ယောကျ်ားမြတ်တို့သည် ဟောန္တိ ဖြစ်ကုန်၏။

ဘဂဝတော မြတ်စွာဘုရား၏ ဧသ သာဝကသံဃော ဤတပည့်သား သံဃာတော်သည် အာဟုနေယျော အဝေးမှ ဆောင်ယူအပ်သော ပစ္စည်းကို ခံတော်မူထိုက်ပါပေ၏။

ပါဟုနေယျော ဧည့်သည်အလို့ငှာ ဆောင်ယူအပ်သော ပစ္စည်းကို ခံတော်မူထိုက်ပါပေ၏။

ဒက္ခိဏေယျော မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပေ၏။

အဉ္ဇလိကရဏီယော လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူတော်မူထိုက်ပါပေ၏။

လောကဿ တစ်လောကလုံး၏ အနုတ္တရံ အတုမရှိသော ပုညက္ခေတ္တံ ကောင်းမှုမျိုး၏ စိုက်ပျိုးရာလယ်မြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။

သည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဖုန် ချမ်းသာတိုးပွားခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။

(၇) ကေနစိ တစ်စုံတစ်ယောက်သောသူသည် ဗုဒ္ဓဿ မြတ်စွာဘုရား၏ ရသ္မိ အန္တရာယောပိ ရောင်ခြည်တော်၏ အန္တရာယ်ကိုလည်း ကာတုံပြုခြင်းငှာ န သက္ကာ မတတ်နိုင်။
ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်အား အာယုဝဖုန် အသက်ရှည်ခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဖုန် ချမ်းသာတိုးပွားခြင်းသည် ဟောတု ဖြစ်ပါစေသတည်း။

(၈) ဗုဒ္ဓေါ မြတ်စွာဘုရားသည် အဘိဇ္ဇကာယောပိ မကွဲမပြတ်သော ကိုယ်လည်း ရှိတော်မူပေ၏။
လောဟိတ သွေဒန် သွေးတော်ယိုစီးခြင်းသည် (ဝါ) သွေးထွက်ခြင်းသည် နတ္ထိ မရှိ။
ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည်

ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်အား အာယုဝဍ္ဍနံ အသက်ရှည်ခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဍ္ဍနံ ချမ်းသာတိုးပွားခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။

(၉) ဗုဒ္ဓသေဋ္ဌမှိ ဘုရားမြတ်၌ မေ တပည့်တော်၏ သဒ္ဓါ
ယုံကြည်ခြင်းသည် အတ္ထိ ရှိ၏။ သဗ္ဗဒါ အခါခပ်
သိမ်း သံသယော ယုံမှားသံသယသည် နတ္ထိ မရှိ။
ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ
တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည်
ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်အား အာယုဝဍ္ဍနံ အသက်ရှည်ခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဍ္ဍနံ ချမ်းသာတိုးပွားခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။

(၁၀) ဓမ္မသေဋ္ဌမှိ တရားမြတ်၌ မေ တပည့်တော်၏ သဒ္ဓါ
ယုံကြည်ခြင်းသည် အတ္ထိ ရှိ၏။ သဗ္ဗဒါ အခါခပ်
သိမ်း သံသယော ယုံမှားသံသယသည် နတ္ထိ မရှိ။
ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ
တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည်

ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်အား အာယုဝဍ္ဍနံ အသက်ရှည်ခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဍ္ဍနံ ချမ်းသာတိုးပွားခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။

(၁၁) သံဃသေဋ္ဌမှိ သံဃာတော်မြတ်၌ မေ တပည့်တော်
၏ သဒ္ဓါ ယုံကြည်ခြင်းသည် အတ္ထိ ရှိ၏။
သဗ္ဗဒါ အခါခပ်သိမ်း သံသယော ယုံမှားသံသယ
သည် နတ္ထိ မရှိ။
တေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် မေ
တပည့်တော်အား ဇယမင်္ဂလံ အောင်ခြင်းမင်္ဂလာသည်
ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်အား အာယုဝဍ္ဍနံ အသက်ရှည်ခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။
မေ တပည့်တော်၏ သုခဝဍ္ဍနံ ချမ်းသာတိုးပွားခြင်း
သည် ဟောတု ဖြစ်ပါစေသတည်း။

(၁၂) မေ တပည့်တော်အား အညံ ဘုရားမှတစ်ပါး သရ
ဏံ ကိုးကွယ်ရာသည် နတ္ထိ မရှိ။
ဗုဒ္ဓေါ မြတ်စွာဘုရားသည် မေ တပည့်တော်၏ ဝရံ
သရဏံ မြတ်သောကိုးကွယ်ရာတည်း။

ဧတံ ထိုမြတ်စွာဘုရားကို သရဏံ ကိုးကွယ်ရာဟူ၍ ဥပေမိ ဆည်းကပ်ပါ၏။ မယိ တပည့်တော်၌ ကခ်ါ ယုံမှားသံသယသည် နဝိဇ္ဇတံမရှိ။

ဧတေနသစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် သတ္တ ရတနာ ရတနာခုနစ်ပါး မိုးတို့သည် ပဝဿန္တု ရွာ ပါစေကုန်သတည်း။

မေ တပည့်တော်အား အညံ တရားမှတစ်ပါးသော သရဏံ ကိုးကွယ်ရာသည် နတ္ထိ မရှိ။

ဓမ္မော တရားတော်သည် မေ တပည့်တော်၏ ဝရံ သရဏံ မြတ်သော ကိုးကွယ်ရာတည်း။

ဧတံ ထိုတရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ ၍ ဥပေမိ ဆည်းကပ်ပါ၏။

မယိ တပည့်တော်၌ ကခ်ါ ယုံမှားသံသယသည် နဝိဇ္ဇတိ မရှိ။ ဧတေန သစ္စဝဇ္ဇေန ဤမှန်သောစ ကားကြောင့် သတ္တ ရတနာ ရတနာခုနစ်ပါးတို့သည် ရွာပါစေကုန်သတည်း။

မေ တပည့်တော်အား အညံ သံဃာမှတစ်ပါးသော သရဏံ ကိုးကွယ်ရာသည် နတ္ထိ မရှိ။

သံဃာ သံဃာတော်သည် မေ တပည့်တော်၏ ဝရံ သရဏံ မြတ်သော ကိုးကွယ်ရာတည်း။

ဧတံ ထိုသံဃာတော်မြတ်ကို သရဏံ ကိုးကွယ်ရာ ဟူ၍ ဥပေမိ ဆည်းကပ်ပါ၏။ မယိ တပည့်တော် ၌

ကဒ်ါ ယုံမှားသံသယသည် နဝိဇ္ဇတိမရှိ။
ဇတေန သစ္စဝဇ္ဇေန ဤမှန်သောစကားကြောင့် သတ္တ
ရတနာ ရတနာခုနစ်ပါး မိုးတို့သည် ရွာပါစေကုန်
သတည်း။

❂ ❂ ❂

# အဆောင်

ဤလောက၌ အဆောင်ကောင်းဟူသည် ရှိသင့် ရှိထိုက်သောအရာ ဖြစ်ပါသည်။ ထို့ကြောင့် လောကီဆရာတို့ အင်းအိုင် လက်ဖွဲ့ မန္တန်ဂါထာ အမတေ(အမြှုတေ) များ ဆောင်ထားကြပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက တရားအားထုတ်နေသော ရဟန်းတော်များကို ရက္ခစိုးနတ်များက နှောင့်ယှက်မှု ကင်းဝေးရန်အတွက် မြတ်စွာဘုရားက "မေတ္တာသုတ်"အဆောင်အဖြစ် ချီးမြှင့်ခဲ့ပါသည်။

ထို့ပြင် ရဟန်းတစ်ပါး မြွေကိုက်ခံရသည်ကို အကြောင်းပြု၍ 'ခန္ဓ'သုတ် ပရိတ်ကိုရွတ်ရန် အဆောင်အဖြစ် ချီးမြှင့်ပါသည်။

၁၉၉၀ပြည့်နှစ် ဇန်နဝါရီလ မြတ်ဆုမွန်မဂ္ဂဇင်းမှ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာကာဂါယိက ဆရာတော်

ဘုရားကြီးက ချီးမြှင့်သော ဥ၊တိမိညာ အစချီဂါထာကို ခမ္မလက်ဆောင်အဖြစ်၊ အဆောင်ကစ်ခု ရရှိခဲ့ပါသည်။

ဥ၊ တိမိညာ ညာမိတိ မိတိညာ ဥ၊
ါ၄ံ ဟလဲပ္လဟစ္စ ပ္လဟစ္စဟလဲ ဟလဲစ္စပ္လဟ ါ၄ံ

ယင်းဂါထာအဆောင်ကို ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက မင်းကွန်း တောခေါင်ခေါင်တွင် သီတင်းသုံး နေသော မင်းကွန်းတိပိဋကဓရ လောင်းလျာ အရှင်ဝိစိတ္တ ကို၊ ဘုန်းတော်ကြီး ဦးအာလောက,က အဆောင်ကောင်း အဖြစ် ဆောင်ထားရန် ပေးပါသည်။

ထိုအဆောင်၏ စွမ်းရည်သတ္တိကိုသိသော မင်း ကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက ရင်းချာသော တပည့်ဒကာများကို ချီးမြှင့်ပါသည်။

ထိုအဆောင်ဂါထာသည် ဘေးဥပဒ် အန္တရာယ် ကင်းဝေးပြီး လာဘ်လာဘ ရွှင်လန်းပါသည်။

ဥ၊ တိမိညာဂါထာသည် (သတိ၊ သမာဓိ၊ ပညာ) တည်းဟူသော သိက္ခာသုံးပါးကို ဥ၊ခံ၍ ဘယ်ပြန်ညာပြန် စီရင်ထားခြင်းမျှသာ ဖြစ်ပါသည်။

ဤ တိမိညာဂါထာကို ရွတ်ပွားရင်း သတိ၊ သမာ ဓိ၊ ပညာသုံးပါးကို ထူထောင်ရန် ဖြစ်ပါသည်။

# သဗ္ဗဇယမင်္ဂလာ
# ငွေဝင်ဂါထာတော်

သဗ္ဗဇယမင်္ဂလာ ငွေဝင်ဂါထာတော်ကို ၁၉၈၉ခု၊ ဧပြီလထုတ်၊ ဝေဒမဂ္ဂဇင်း တွင် ရေးသားခဲ့ပါသည်။ ရှုကြပါဘိ။

# သဗ္ဗဇယ မင်္ဂလာ
# ငွေဝင်ဂါထာတော်

တစ်နေ့။

ကျွန်တော်သည် ရန်ကုန်မြို့ ၅၁လမ်းရှိ ဒေါ်မမကြီးတို့ နေအိမ်သို့ ရောက်သွားပါသည်။ ရောက်သွားရခြင်း၏ အကြောင်းမှာ ဒေါ်မမကြီးသည် ဆီးခဏခဏသွားနေရသောရောဂါ ခံစားနေရ၍ ၎င်းရောဂါ ကုသရန်အတွက် ရောက်သွားခြင်းဖြစ်၏။

ဒေါ်မမကြီးသည် အသက် ၇၆နှစ် ရှိပါပြီ။ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဖြစ်၏။ သူမ၏ညီမမှာ ဒေါ်မမလေးဖြစ်သည်။ ပညာရေးဌာန ပင်စင်စားဖြစ်၏။

ယခင်က မတွေ့ဖူး မမြင်ဖူးခဲ့ပါ။ ကျွန်တော်၏ ဆေးစာအုပ်များဖတ်ပြီး ဒေါ်မမကြီးရောဂါ ဆေးကုပေးရန် စာနှင့် ဖိတ်ကြားခြင်း ဖြစ်ပါသည်။ ကုသိုလ်ကံ ကောင်း

ပါသည်။ ဒေါ်မမကြီး၏ ဆီးခဏခဏ သွားနေသောရော
ဂါ ၂ရက်နှင့် ပျောက်ကင်းသွားပါသည်။

သုံးရက်မြောက်နေ့တွင် ဒေါ်မမကြီးက...

"ဒေါ်ကြီးတို့ဇာတိက စစ်ကိုင်းကပါ၊ မောင်နှမ သုံးယောက်တည်း ရှိပါတယ်၊ ဒေါ်ကြီးမောင်က ဦးစံလင်းတဲ့၊ ဟိုတုန်းက ငွေစက္ကူတွေပေါ်မှာ 'မောင်ကောင်း' 'စံလင်း'ဆိုတဲ့ လက်မှတ်တွေ တွေ့ဖူးမှာပေါ့၊ အဲဒီ စံလင်း ဆိုတာက ဒေါ်ကြီးမောင်ပေါ့"

"ဩော်...ဟုတ်လားခင်ဗျာ၊ အဲဒီ ဦးစံလင်းက အခု ဘယ်မှာနေလဲခင်ဗျ"

"အခု အင်းလျားလမ်းမှာ နေပါတယ်၊ ဟိုတုန်းက ဝါရှင်တန်ဘဏ်မှာ အမှုထမ်းရပါတယ်၊ အခုတော့ ပင်စင် ယူပါပြီ၊ ပင်စင်လစာငွေ ၇၀၀ဝ ရပါတယ်၊ ခုနစ်ရာ မ ဟုတ်ဘူးနော်...ခုနစ်ထောင်"

"ဟာ...ပင်စင်တောင် ခုနစ်ထောင်ဆိုတော့ ရလှချည်လား"

"ဟုတ်ကဲ့...ဒေါ်ကြီးတို့ ဘဝတစ်လျှောက်မှာ မတောင့်မတ မကြောင့်မကြ နေလာခဲ့ရတယ် ဆိုပါတော့"

တစ်ချိန်လုံးငြိမ်၍ နားထောင်နေခဲ့သော ဒေါ်မမလေးက ဝင်ပြော၏။

"ဒေါ်ကြီးတို့ ဒေါ်လေးတို့ဘဝက ကုသိုလ်ထူးတယ်နော်"

"ကုသိုလ်ထူးဆို...ဒေါ်လေးတို့မှာ မြတ်စွာဘုရားရဲ့ ပရိတ်တော်တွေ ဂါထာတော်တွေရဲ့ တန်ခိုးပေါ့"

"ဂါထာကောင်းရှိရင် ပေးစမ်းပါ ဒေါ်လေး"

"ပေးမယ်...ပေးမယ်"

ဒေါ်လေး ဒေါ်မမလေးသည် စက္ကူတစ်ရွက်ကိုယူ၍ ပီပြင်ကျနသော လက်ရေးနှင့် ဂါထာတစ်ပုဒ် ရေးပေးပါတော့သည်။

"ရော့...အဲဒါပဲ...ဖတ်ကြည့်"

ဒိဝါ တပတိ အာဒိစ္စော
ရတ္တိမာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော ဘာတိ
ဈာယိ တပတိ ဗြဟ္မဏော
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ
တဒိသံ တေဇ သမ္ပန္နံ
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ
နမက္ကာရ နုဘာဝေန
သဗ္ဗ ပုရေန္တု သင်္ကပ္ပပါ။

"ဒေါ်ကြီးတို့ မိဘများကတော့ သဗ္ဗမင်္ဂလာဂါထာလို့ ပြောတာပဲ၊ ဒေါ်ကြီးတို့ကတော့ လွယ်လွယ်ပဲမှတ်ထားတယ်၊ ငွေဝင်ဂါထာလို့၊ ဘာဖြစ်လို့လည်းဆိုရင် ဒေါ်ကြီးတို့ မောင်နှမသုံးယောက် စစ်ကိုင်းကနေ ရန်ကုန်ပြောင်း

လာတော့ ဘာမှ ပါလာတာ မဟုတ်ဘူး၊ အဲဒီဂါထာက လေးအားကိုးနဲ့၊ ရန်ကုန်မှာ ပညာသင်တယ်၊ အလုပ်လျှောက်တယ်၊ မောင်နှမသုံးယောက် အလုပ်ကိုယ်စီ ရကြတယ်၊ မောင် ဦးစံလင်းက အိမ်ထောင်ပြုတယ်၊ ဒေါ်ကြီးနဲ့ဒေါ်လေးတို့ကတော့ မြင်တဲ့အတိုင်းပဲ၊ အပျိုကြီးဘဝနဲ့ အရိုးထုတ်ကြမှာ"

ကျွန်တော်သည် 'ဒိဝါတပတိ'အစချီ ဂါထာကို တစ်ခေါက်ဖတ်ကြည့်သည်။ အထစ်ထစ်အငေါ့ငေါ့။ ဒေါ်ကြီးက တစ်ခေါက်ရွတ်ပြ၏။ လိုက်ဆိုရင်း သုံးခေါက်လောက် ဆိုမိတော့ 'ဖြောင့်'သွားသည်။

"အဲဒီဂါထာကို အရကျက်ပေတော့၊ အဲ...ဦးဝင်းမြင့်ကို တစ်ခုပြောချင်တာက..."

"ဟုတ်ကဲ့ ဒေါ်လေး၊ ပြောပါ"

"ဦးဝင်းမြင့်က ဗုဒ္ဓဟူးသား မဟုတ်လား၊ ဗုဒ္ဓဟူးနေ့တိုင်း ဘုရားကို သစ်သီးဆွမ်းကပ်လှူပါ၊ သဘော်သီး၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ ဆီးသီး၊ နောက်ဆုံး ဘာသီးမှ ဝယ်မရဘူးဆိုရင် အိမ်မှာရှိတဲ့ ခရမ်းချဉ်သီး ကပ်လှူရတယ်၊ ဂါထာလည်းရွတ် သစ်သီးဆွမ်းကိုလည်း မွေးနေ့တိုင်းကပ်၊ ဒိဋ္ဌ ငွေဝင်မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ကျွန်တော်သည် ဂါထာကောင်းတစ်ပုဒ်၊ မွန်မြတ်ကောင်းမွန်သော အလေ့အကျင့်ကောင်းတစ်ခု ရလိုက်ရ၍

ပြောမပြတတ်အောင် ဝမ်းသာ ကြည်နူးသွားပါသည်။

"ဦးဝင်းမြင့် ဒိဝါတပတိအာဒိစ္စာ တစ်ခေါက်ဆို ပြပါဦး"

ဒေါ်လေး ဒေါ်မမလေးက ခိုင်း၏။

ထို့ကြောင့် ကျွန်တော်သည် ဂါထာစာရွက်ကလေး ကို တရိုတသေကိုင်၍ မထစ်မငေါ့ရအောင် ဂရုတစိုက် ဆိုပြလိုက်ပါသည်။

"ဂါထာကို ကောင်းကောင်း ရွတ်ဆိုတတ်သွားပြီ၊ ရော့ ဦးဝင်းမြင့် လိုရာသုံးဖို့ ငွေတစ်ရာ"

"ဗျာ"

ကျွန်တော်သည် ပင်စင်စား သက်ကြီးရွယ်အိုများ ထံမှ ပေးကမ်းသော ငွေ ၁၀၀ကို မယူရက်ပါ။ ထို့ကြောင့် ငြင်းဆန်ရင်း ပြန်ပေးလိုက်ပါသည်။ မရချေ။ မယူမနေရ ဇွတ်တရွတ် လွယ်အိတ်ထဲထည့်ပေးနေ၍ ယူခဲ့ရပါသည်။

ဩော်...ချက်ချင်းလက်ငင်း အကျိုးပေးသည့် ဂါ ထာပါတကား။

(၂)

ကျွန်တော် ရန်ကုန်မှ မကွေးပြန်လာတော့ အောင် ဘာလေသိန်းဆုကြီးပိုက်၍ ပြန်လာသည့်အလား။ တစ် ကိုယ်လုံး ပေါ့ပါး ကြည်နူးဝမ်းသာ နေပါသည်။

'အိမ်သူ'နှင့် သားသမီးများကို ဖြစ်ကြောင်းကုန်စင် ပြန်ပြောတော့ သူကို့လည်း ဝမ်းသာနေကြသည်။ အထူးသဖြင့် 'အိမ်သူ'က 'ငွေဝင်ဂါထာ'ဆို၍ ပို၍သဘောကျနေ၏။

ယခုတော့ အိမ်မှာ အငယ်ဆုံး လေးနှစ်သားကလေးကအစ တစ်မိသားစုလုံး ဂါထာကို ရနေကြပါပြီ။

တစ်နေ့။ မှတ်မှတ်ရရ ၁၉၈၇ခု၊ မေလ (၂)ရက်နေ့။ နံနက် ၅နာရီလောက်တွင် အိမ်သူက ဤသို့ပြော၏။

"ကျောင်းတွေလည်း ဖွင့်ကာနီးပြီ"

"ကျောင်းဖွင့်တော့ ဘာဖြစ်လဲကွ"

"ဒီသားသမီးတွေအကုန် ကျောင်းအပ်ရမယ် ဆိုတော့ ငွေက လက်ထဲမှာ သိပ်မရှိတော့ဘူး"

"အိုကွာ ပူမနေပါနဲ့၊ အချိန်တန် ရပါလိမ့်မယ်"

အိပ်ရာထက်မှထကာ ဘုရားရေချမ်း ကပ်လှူပြီး ဘုရားစင်ရှေ့မှောက်မှာ ဒိဝါတပတိအာဒိစွာ အစချီဂါထာကို ရွတ်ဆို ပွားများနေမိပါသည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ မထကြသေးဘူးလား၊ ဦးဝင်းမြင့်အိမ် မဟုတ်လား"

အိမ်ရှေ့မှ ဧည့်သည်များ၏ အသံကြားရ၍ ဘုရားစင်ရှေ့မှထကာ တံခါးဖွင့်ပေးလိုက်ပါသည်။ ဧည့်သည်နှစ်ယောက် အထုပ်အပိုးများနှင့် ရောက်လာ၏။

"ဆရာ...ကျွန်တော့်ကို မှတ်မိလား"

ကျွန်တော် ဇဝေဇဝါ ဖြစ်သွားပါသည်။ မျက်နှာကိုတော့ မြင်ဖူးသလိုလိုရှိသား။ ဘယ်မှာ တွေ့ဖူးမှန်းမသိ။

"ကျွန်တော် ကိုအောင်လေ ဆရာ၊ စုစုဝင်း စာပေက"

"ဟုတ်လား...ထိုင်ကြပါဗျာ၊ ထိုင်ကြ"

ကျွန်တော်က ဧည့်ခန်းမှာ အထိုင်ခိုင်းတော့

"လာပါဆရာရယ်၊ ကျွန်တော်တို့ အနီးအနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ စကားပြောကြရအောင်"

"ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ရပါတယ်"

ကျွန်တော့်အိမ်နှင့် မလှမ်းမကမ်းရှိ ကံထူးလက်ဖက်ရည်ဆိုင်သို့ ဧည့်သည်များကို ခေါ်သွားရ၏။

"ဒီလိုပါဆရာ၊ ဆရာ့ဆေးစာအုပ်တွေ ပြန်ထုတ်ချင်လို့ပါ၊ မန္တလေးက ဦးမောင်မောင်ပြောကလည်း ဆရာ မန္တလေး ကြွခဲ့ပါဦးတဲ့"

"ရပါတယ်"

"ဆရာ စာမူခ ဘယ်လိုယူလဲ"

"တစ်ကြိမ်ထုတ်ရင် အုပ်ရေ ၅၀၀၀ထုတ်ရမယ်၊ ရာခိုင်နှုန်း ၂၅ပေးပေါ့"

"ဖြစ်ပါတယ် ဆရာ၊ ပေးပါ့မယ်"

"အေးဗျာ၊ စာအုပ်ဈေးကိုတော့ အချိုနိုင်ဆုံးဖြစ်အောင် လုပ်ပါ၊ စာအုပ်ဈေးနှုန်းကြီးရင် ကျွန်တော် စာမူခပိုရမှာတော့ သိပါတယ်၊ ဒါပေမယ့် ဝယ်ဖတ်သူအတွက်

သက်သက်သာသာ ဖြစ်စေချင်ပါတယ်”

“ဆရာပြောတဲ့အတိုင်း ကျွန်တော်တို့ ပေးပါ့မယ်၊ အခု ရွှေစက်တော်ဘုရားပွဲလာရင်း ဆရာ့ဆီ ဝင်လာတာ၊ စရန်ငွေ ၁၅ဝဝိ ယူထားပါနော့”

ပြောပြောဆိုဆိုနှင့် ငွေ ၁၅ဝဝကျပ် ထုတ်ပေး၏။

လက်ဖက်ရည်ဆိုင်မှ အိမ်ပြန်လာတော့ အိပ်ခန်း အသီးသီးမှ ကျွန်တော့် သားသမီးတွေ ထွက်လာကြ၏။

စုစုဝင်းစာပေမှ ကိုအောင်က...

“ဆရာ့မှာ သားသမီး ဘယ်နှစ်ယောက်ရှိလဲ”

“ခုနစ်ယောက်ဗျ”

“ရော့ပါ ဆရာ၊ သူတို့အတွက် ခုံနက်စာမုန့်ဖိုး ၁ဝစီပေးပါရစေ”ဟုဆိုကာ ငွေ ၇ဝိ ထုတ်ပေးပြန်၏။

ဧည့်သည်များ ပြန်သွားတော့...

“အိမ်သူ”က တအံ့တသြ ဖြစ်နေ၏။

ကျွန်တော်ကိုယ်တိုင်လည်း အံ့သြနေမိပါသည်။

(၃)

သည်လိုနှင့်ပင် ဒိဝါတပတိဂါထာကို ရွတ်ဆိုပွားများခဲ့ရာ (၇.၁ဝ.၈၇)နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဝိသစ္စ(ပဲခူး)က ‘ဒိဝါတပတိ’ဂါထာတော်အကြောင်း အောက်ပါအတိုင်း ရေးသားသည်ကို ဖတ်ရှုရပါသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလဇနပုဒ်တွင် ဝါဆိုတော်မူကြသော ရဟန်းတော်များသည် အချင်းချင်း မခေါ်၊ စကားမပြောကြစတမ်းဟု ကတိကဝတ်ထား၍ နေကြ၏။ ထိုသို့နေခြင်းကို အကြောင်းပြု၍ ပဝါရဏာပြုရန် ပညတ်တော်မူခဲ့လေသည်။ ပဝါရဏာပြုခြင်းသည် အပြစ်ကိုမြင်က မိမိအား ဆုံးမပါရန် ပန်ကြားခြင်းပင် ဖြစ်၏။

မြတ်စွာဘုရား ပညတ်ခဲ့သည်မှစ၍ မျက်မှောက်ကာလတိုင်အောင် ဝါကျွတ်လျှင် မိမိတို့ဝါဆိုရာ ကျောင်းတိုက်၌ ဝါစဉ်တူရာ ရဟန်းများစုပေါင်းကာ သံဃာ့ရှေ့မှောက်၌ ရှိသေစွာ လက်အုပ်ချီ၍...

"အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့သည် ဥပုသ်သိမ် သိမ်အပြင်၌ရှိသော သံဃာတော်ကို တောင်းဆိုပန်ကြားပါ၏။ မြင်လျှင်သော်လည်းကောင်း၊ မလျော်သော စကားကြားလျှင်သော်လည်းကောင်း၊ ယုံမှားသင်္ကာ ဖြစ်လျှင်သော်လည်းကောင်း၊ သက်တော်ရှည် အရှင်ဘုရားတို့သည် ဘုရားတပည့်တော်အပေါ် အစဉ်စောင့်ရှောက်ချီးမြှောက် ထောက်ညှာ ငဲ့ကွက်ပါ၍ ဘုရားတပည့်တော်ကို ဆိုခွင့်ရောက်လာ မထောက်ညှာဘဲ၊

ပြစ်ဆာရှိသမျှ မငြိရအောင် အဂတိအကျ ဆိုတော်မူကြပါကုန်လော့။ အပြစ်ကို ရှုမြင်မိလျှင် ထိုအပြစ်ကို ဘုရားတပည့်တော် ကုစားပါမည် ဘုရား . . .”

ဤသို့ ပန်ကြားကာ ပဝါရဏာ ပြုကြ၏။

❖ ❖ ❖

တစ်နေ့သော သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးချိန်၌ဖြစ်၏။ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဝိသာခါနှင့် ပုဏ္ဏဝဓ္မနတို့ လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူသည်။

ထိုခဏ၌ ညနေဆည်းဆာရောင်တွင် နေမင်းကြီးက ဝင်လုဆဲဆဲ တောက်ပနေ၏။ အရှေ့လောကဓာတ်ဆီမှ တလှပ်လှပ် တဝင်းဝင်း ပြူထွက်စပြုလာသော လမင်းကြီး၏ အလင်းရောင်က အေးမြနေ၏။ ကောသလမင်းကြီးသည် မင်းမြောက်တန်ဆာဝတ်ဆင်၍ မင်းခမ်းမင်းနားဖြင့် ကြွချီကာ ပန်းနံ့သာဆီမီးအစုံဖြင့် ပူဇော်ရန် ရောက်ရှိလာ၏။

မင်းပရိသတ်အလယ်တွင် တရားအာရုံပြုကာ ဈာန်သမာပတ် ဝင်စားလျက်ရှိနေသော ကာဠုဒါယီ မထေရ်မြတ်၏ကိုယ်သည် ရွှေအဆင်းကဲ့သို့ တင့်တယ်တောက်ပ

နေ၏။

အရှေ့လောကဓာတ်မှ ထွက်စပြုလာသော လမင်း၏ အလင်းရောင်၊ အနောက်လောကဓာတ်သို့ ဝင်လုဆဲ နေမင်း၏ အလင်းရောင်၊ မင်းမြောက်တန်ဆာတို့ဖြင့် ဝတ်ဆင်ထားအပ်သော ကောသလမင်းကြီး၏ တင့်တင်မှု၊ ငြိမ်းချမ်းစွာ သီတင်းသုံးလျက်ရှိသော ကာဠုဒါယီရဟန္တာမထေရ်မြတ်ကြီး၏ ဈာန်သမာပတ်၊ ဤလေးမျိုးသော အဆင်းသဏ္ဌာန်တို့ကို လွှမ်းမိုးကာ တရားဟောကြားတော်မူလျက် ရှိတော်မူသော မြတ်စွာဘုရားရှင်၏ သဏ္ဌာန်သည် ကျက်သရေမင်္ဂလာအပေါင်းတို့ဖြင့် ပြည့်စုံတော်မူနေသည်။

ထိုအခြင်းအရာကိုမြင်ရသော အရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရား၏ အံ့မခန်းနိုင်လောက်အောင်ရှိသော ကျက်သရေတော်ကို အတုမရှိသော ကြည်ညိုသဒ္ဓါဖြင့် ဖူးမြော်၍နေသည်။ ဤသို့ ဖူးမြော်နေသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်သည်...

ဒိဝါတပတိ အာဒိစ္စော
ရတ္တိမာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော ဘာတိ
ဈာယိ တပတိ ဗြဟ္မဏော
အထ သဗ္ဗ မဟောရတ္တိံ

ဗုဒ္ဓေါ တပတိ တေဇသာ
ဟူ၍ ရှင်အာနန္ဒာအား မိန့်ကြားတော်မူလေသည်။

သီရိလင်္ကာကျွန်း (သီဟိုဠ်ကျွန်း) ဘာတိကမင်းသည် ဗုဒ္ဓဘာသာကို အလွန် ကြည်ညိုတော်မူသည်။ ပိဋကစာပေများ ကျွမ်းကျင်သော ဓမ္မကထိက ဆရာတစ်ဦးကို နန်းတော်သို့ ပင့်ဆောင်တော်မူ၏။ ထို့နောက် ရတနာသုံးပါးနှင့်စပ်သော မင်္ဂလာရှိသော ဂါထာတစ်ပုဒ်ကို ရေးသားပေးပါရန် တောင်းပန်သည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ရွတ်ဆိုသူတိုင်း ကျက်သရေမင်္ဂလာရှိ၍ တိုးတက်ကြီးပွားစေသည့် 'သဗ္ဗမင်္ဂလာ'ဂါထာကို ဘာတိကမင်းအား ဆက်သတော်မူသည်။

ယင်းဂါထာသည် မြတ်စွာဘုရားရှင်၏ ဟောကြားတော်မူအပ်သော 'ဒိဝါတပတိ အာဒိစ္စော'အစချီဂါထာပင်ဖြစ်သည်။

ဘာတိကမင်းသည် ထိုဂါထာကို နေ့စဉ်နေ့တိုင်း အိပ်ရာဝင် အိပ်ရာထ ရွတ်ဆိုသည်။ ထို့ကြောင့် တိုင်းပြည်၌ လည်းကောင်း၊ နန်းတော်အတွင်း၌ လည်းကောင်း ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံ၍ တိုးတက်စည်ကားလျက်ရှိသည်ဟု ဆိုသည်။

(၄)

ယခုအခါ ဦးစံလင်းနှင့်ဒေါ်မမကြီးတို့သည် လူကြီးရောဂါဖြင့် ကွယ်လွန်ကြရှာပါပြီ။ ရန်ကုန်မြို့ ၅၁လမ်းရှိ ဒေါ်မမလေးတစ်ယောက်သာ ရှိပါတော့သည်။ ဒေါ်လေး ဒေါ်မမလေးသည် အသက် ၇၀ကျော်သည့်တိုင် ကျန်းမာလျက်ရှိပြီး၊ တစ်နေကုန်တစ်နေခန်း ဂါထာတော်, ပရိတ်တော်များကို ကျနပီပြင်သောလက်ရေးဖြင့် ရေးကူးလျက် ဓမ္မဒါန ဖြန့်ဝေဆဲ။

ဒေါ်လေး ဒေါ်မမလေးနည်းတူ ကျွန်တော်သည် ရောက်လေရာအရပ်၌ ဦးစံလင်း, ဒေါ်မမကြီး, ဒေါ်မမလေးတို့ ချီးမြှင့်ထားသော ဂါထာတော်များကို ရွတ်ပြဖြန့်ဝေပါသည်။

(၁.၇.၁၉၈၈)ရက်နေ့က ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိသွားပါသည်။ တောင်ကြီးမြို့လယ် ဓမ္မာရုံ၌ ဘုရားဝတ်ပြုနေစဉ် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးလေးက လူငယ်တစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။

ထိုလူငယ်သည် ဗုဒ္ဓစာပေကို အစဉ်တစိုက်လေ့လာနေသူ ဖြစ်ကြောင်းလည်း သိရ၏။ တောင်ကြီးဓမ္မာရုံသို့ အမြဲ ပုတီးလာစိပ်နေသူ ဖြစ်သည်ဟုလည်း သိရ၏။ ထိုလူငယ်သည် မိဘနှစ်ပါးစလုံး တရုတ်စစ်စစ်များ ဖြစ်

သည်ဟုသိရ၍ တပ်ဆင် စိတ်ဝင်စားမိပါသည်။

ထိုလူငယ်နှင့် ဗုဒ္ဓ၏ အဆုံးအမ စာပေများ စပ်မိစပ်ရာ ပြောကြသောအခါ မြတ်စွာဘုရား၏ ဂုဏ်တော်များ, ဖွဲ့သီထားသော ဂါထာများအကြောင်း ရောက်သွားပါသည်။

ထိုလူငယ်ကို ဒိဝါတပတိ အစချီဂါထာကို ရွတ်ပြ၍ ဂါထာကို ရေးကူးပေးလိုက်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်တည်းခိုရာ အဆောင်သို့ ထိုလူငယ် ရောက်လာပါတော့သည်။

ကျွန်တော့်အား ဒိဝါတပတိ အာဒိစ္စောဂါထာ ရွတ်ပြပါဦးဟု တောင်းပန်၏။

ကျွန်တော်က မျက်လွှာကိုချ၍ သဒ္ဓါကြည်လင်စွာ အားရပါးရ ရွတ်ဆိုပြလိုက်ပါသည်။

"ဆရာ့ကို ငွေ ၁၀ဝိ ကန်တော့ပါရစေ"ဟုဆိုကာ လက်ထဲသို့ ငွေ ၁၀ဝိ ထည့်၏။

ကျွန်တော်သည် တတ်သရွေ့မှတ်သရွေ့ "ကျန်းမာပါစေ, ချမ်းသာပါစေ, မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာရောက်ပါစေ"ဟု ဆုပေးလိုက်ပါသည်။

ထိုလူငယ်သည် ကျွန်တော့်အား လက်အုပ်ချီ၍ နှစ်ထောင်းအားရ ကျေနပ်သောအပြုံးနှင့် နှုတ်ဆက်ပြန်သွားပါသည်။

ထိုလူငယ်၏ အမည်နှင့်လိပ်စာမှာ–

•

၈၂ မကွေးဝင်းမြင့်

ကိုမြင့်ဦး
၁၇၄၊ စပ်စံထွန်းလမ်းနှင့် ရဲဥာနလမ်းထောင့်
တောင်ကြီးမြို့။

❖ ❖ ❖

## မကွေးဦးဝင်းမြင့်သို့

ဦးဝင်းမြင့် ပေးပို့သော ဆောင်းပါးပါ ဂါထာတော်မှာ သံယုတ္တနိကာယ် အဋ္ဌကထာ နိဒါနဝဂ္ဂ ဘိက္ခုသံယုတ်အဖွင့်၌လာသော '**သဗ္ဗဇယမင်္ဂလာ သီရိသမ္ဗုဒ္ဓဂါထာတော်**' ဖြစ်ပါသည်။ မူလ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ ဝိသစ္စ(ပဲခူး)တင်ပြသည့်အတိုင်း "ဗုဒ္ဓေါ-တပတိ-တေဇသာ"အထိသာ ဖြစ်ပါသည်။ ဒေါ်မမလေးထံမှ ဦးဝင်းမြင့်ရရှိသော "တာဒိသံ တေဇ သမ္ဗန္ဓံ"အစ "သမ္ဗုဒ္ဓ ရေန္တု သက်ပွါ"အဆုံးရှိသော ဂါထာ၏အဆုံးပိုဒ်များမှာ ပညာရှိများက ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။ ပညာရှိများ၏ ဖြည့်စွက်ချက်မှာ အလွန် တန်ဖိုးကြီးလှပါသည်။ အဓိပ္ပာယ်မှာ "ထိုသို့သော ဘုန်းတော်တန်ခိုး ကျက်သရေနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပါ၏။ ဤသို့ရှိခိုးရသော အရှိန်အစော် အာနုဘော်ကြောင့် ခပ်သိမ်းသော ကောင်းမြတ်သည့် အကြံအစည်ဟူသမျှတို့

သည် ပြည့်စုံပြီးမြောက် ရပါလို၏”ဟူ၍ ရှိခိုးခြင်း၊ ဆုတောင်းခြင်း ဖြစ်ပါသည်။ ပညာရှိတို့ ဖြည့်စွက်ချက်ကို ထည့်သွင်းရွတ်ဆိုမှ ပြည့်စုံမည် ဖြစ်ပါသည်။

စာဖတ်ပရိသတ်များ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ သိ၍ ကြည်ညိုသဒ္ဓါပွားပြီး ရွတ်ဆိုနိုင်ရန်အတွက် အနက်ပြန်၍ ပေးလိုက်ပါသည်။ အဓိပ္ပာယ်သိမှ ကြည်ညိုသဒ္ဓါပွားနိုင်သည်။ ကြည်ညိုသဒ္ဓါပွား၍ ရွတ်ဆိုမှ ဦးဝင်းမြင့်ကိုယ်တွေ့တင်ပြသည်ထက် အဆအရာ အဆအထောင် မကသော ကောင်းကျိုးကို ရရှိမည် ဧကန်ပင် ဖြစ်ပါသည်။

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌၊ တပတိ၊ မိုက်မှောင်ပယ်ဖျောက် ထွန်းလင်းတောက်ပနိုင်၏။ စန္ဒိမာ၊ သော်တာယုန်နန်း လပြည့်စန်းသည်။ ရတ္တိံ ၊ ညဉ့်အခါ၌။ ဘာတိ၊ ထွန်းလင်းကျက်သရေ တောက်ပနိုင်ပေ၏။ ခတ္တိယော။ ရေမြေပိုင်နင်း ပြည့်ရှင်မင်းသည်။ သန္နာဒ္ဓေါ၊ မင်းမြှောက်တန်ဆာ ဆင်ယင်သော အခါ၌သာလျှင်။ ဘာတိ၊ မင်းတို့ကျက်သရေ ထွန်းလင်းတင့်တယ် တောက်ပနိုင်၏။ ဗြဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဈာယီ၊ ဈာန်ဝင်စားသောအခါ၌သာလျှင်။ တပတိ၊ ရဟန်းကျက်သရေ ထွန်းလင့်တင့်တယ် တောက်ပနိုင်ပေ၏။ အထ၊ ထိုမှတစ်ပါး။ ဝါ။ ထိုနေမင်း လမင်း အစရှိသည်တို့ထက်။ ဗုဒ္ဓေါ၊ သဗ္ဗာလေး

ရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗ၊ အလုံးစုံသော။ အဟောရတ္တိ၊ နေ့၊ ညဉ့်တို့ပတ်လုံး။ တေဇသာ၊ ပါရမီတော်ကြောင့်ဖြစ်သော တန်ခိုးတော်ဖြင့်။ တပတိ၊ ဗုဒ္ဓကျက်သရေ ထွန်းလင်းတင့်တယ် တောက်ပတော်မူနိုင်ပါပေသည်။

တာဒိသံ၊ ထိုသို့ သဘောရှိတော်မူသော။ တေဇသမ္ပန္နံ၊ နေ့၊ ညဉ့်မညှိုး တောက်ပဖြိုးသည့် တန်ခိုးတော်နှင့်ပြည့်စုံတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ကျိုးနွံမသွေ ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဒါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ဘုရား။

[သီဟိုဠ်ကျွန်း ဘာသိကမင်း လက်ထက်၌ ဘာသိကမင်း တောင်းပန်သဖြင့် ပညာရှိအမတ် တစ်ယောက်သည် ထိုသဗ္ဗဇယမင်္ဂလာ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် ရွတ်ဖတ်ဆဲခဏာ၌ အသပြာတစ်ထောင် (၁၀၀၀) လက်တွင်းသို့ ရောက်လာကြောင်းကို နိဒါနဝဂ္ဂ ဘိက္ခုသံယုတ် အဋ္ဌကထာ၌ လာ၏။]

ထို့ကြောင့် ငွေဝင်ဂါထာဟူ၍ ဒေါ်မမလေးတို့ အမည်ပေးခဲ့သည်မှာ အလွန်ပင် လျော်ကန်ပါသည်။

တာဝန်ခံစာတည်း

# ငွေဝင်ဂါထာ ဂယက်

၁၉၈၉ခု၊ ဧပြီလထုတ် ဝေဒမဂ္ဂဇင်းတွင် ငွေဝင်ဂါထာဆောင်းပါး ပါပြီးနောက် မကြာမီတွင် ဥပဒေပညာရှင် ဦး(ထိန်ဝင်း)က ကျွန်တော့်ကိုယ်တွေ့ ငွေဝင်ဂါထာနှင့် နော ဇတန်ကူ (၈)ချက် ဂါထာကို ရေးသားပါသည်။

## ကျွန်တော့်ကိုယ်တွေ့ ငွေဝင်ဂါထာနှင့် နောက်(၉)တန်-ဤ(၈)ချက်

၁၉၈၉ခု၊ ဧပြီလထုတ် ဓာတ်သဝေဒမဂ္ဂဇင်းတွင် 'သဗ္ဗဇယမင်္ဂလာ ငွေဝင်ဂါထာတော်'ဆောင်းပါးကို ဖတ်ပြီးသည်နှင့်ပင် စာရေးသူ ဆရာဝင်းမြင့်(မကွေး)၏ စေတနာကို လေးစားသွားမိပါသည်။ ကျေးဇူးလည်း တင်လိုက်မိပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာလူမျိုး အတော်များများတို့သည် ဂါထာကောင်းတစ်ပုဒ်ပုဒ်ကို အမြဲတစေ နှုတ်တက်ပွားများ နေတတ်ကြသော်လည်း ယခုကဲ့သို့ ရဟန်းရှင်လူ ပြည်သူအများထံ ဒါနပြု ဖြန့်ပွားခြင်း၊ ထုတ်ဖော်တင်ပြခြင်းမျိုးကို တော်ရုံတန်ရုံ မပြုလုပ်ကြပါ။ နီးစပ်ရာ အနည်းအကျဉ်းလောက်သာ ရွတ်ပြ ဖြန့်ဝေတတ်ကြပါသည်။

ဆရာဝင်းမြင့်(မကွေး)ကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဆောင်းပါးရေး၍ ဒါနပြုရန်မှာလည်း စာရေးလိုစိတ်၊ အရေးအသား ကျမ်းကျင်မှု စေတနာ အစရှိသည်တို့နှင့် ပြည့်စုံမှ ဖြစ်နိုင်ပါသည်။ တော်ရုံတန်ရုံ စေတနာနှင့် မဖြစ်ပါ။ ထို့အတွက်ပင် စာရေးသူ ဆရာဝင်းမြင့်(မကွေး)ကို ကျေးဇူးတင် လေးစားမိခြင်း ဖြစ်ပါသည်။ ထို့အတူ ယခုကဲ့သို့ ထုတ်ဖော်တင်ပြ ဒါနပြုလာသည်များကို ဖော်ပြပေးသည့် ဓာတ်သဝေ မဂ္ဂဇင်းအားလည်း အထူးကျေးဇူးတင်မိပါသည်။

ကျွန်တော်သည် ပရိတ်ဂါထာတော်များအား နှုတ်တက်ပွားများရခြင်းကို မွေ့လျော်သူ ဖြစ်ပါသည်။ လွန်ခဲ့သည့်(၂)နှစ်ခန့်က အထက်ပါ ဂါထာတော်အား စာအုပ်တစ်အုပ်(စာအုပ်အမည် မမှတ်မိတော့ပါ)မှ ရရှိခဲ့ပါသည်။ သို့ရာတွင် ကျွန်တော်ရရှိသည့် ဂါထာတော်မှာ 'ဒိဝါတပတိမှ ဗုဒ္ဓေါတပတိ တေဇသာ'အထိသာ ဖြစ်ပါသည်။

တစ်နေ့ ကျွန်တော့်ဖခင်နှင့် တန်ခိုးထက်မြက်သည့် ဂါထာတော်များအကြောင်း ဆွေးနွေးမိရင်း အထက်ပါဂါထာတော်အကြောင်း ရောက်ရှိသွားပါသည်။ စာအုပ်တစ်အုပ်ထဲမှ တန်ခိုးထက်မြက်သည့် ဂါထာတစ်ခု ရရှိထားကြောင်း၊ ၎င်းဂါထာတော်၏ အစွမ်းထက်မြက်ပုံကို စာအုပ်ထဲတွင် ဖော်ပြထားသည်မှာ–

"ဗိဇာလက်မှတ် မရတော့ဟု ထင်ထားသော်လည်း .

ငင်းဂါထာကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပွားများသည့် အတွက် မရတော့ဘူးထင်ထားသည့် ဗီဇာလက်မှတ်ကို အိမ်တိုင်ရာရောက် လာရောက်ပို့ပေးကြောင်း”

ဖော်ပြထားသည်များကို ပြောပြပြီး ဂါထာတော်ကို ရွတ်ပြလိုက်ပါသည်။

ထိုအခါ ဖခင်ဖြစ်သူက ‘မင်းဂါထာ မဆုံးသေး ဘူး၊ ကျန်သေးတယ်’ဆိုပြီး ‘တာဒိသံ တေဇ သမ္ဗန္ဓ’အပိုဒ် ကို ဆက်ပေးပါသည်။

ထို့နောက် ဖခင်ဖြစ်သူက ဆက်၍... ‘အင်္ဂလိပ် လက်ထက်က ရသေ့ကြီး ဦးခန္တီ ရွှေဖြစ်ငွေဖြစ်သည်ဆိုသ ဖြင့် ပုလိပ်အရာရှိများ လာရောက်စစ်မေးကြောင်း၊ ထို အခါ ရသေ့ကြီးက ကြေးလင်ဗန်းကြီးတစ်ချပ်ကို ပြောင် အောင်တိုက်ပြီး ဇရပ်ရှေ့၌ ချထားကြောင်း၊ ပြီးမှ ဘုရား ဝတ်ပြု၊ သီလယူ၊ သစ္စာပြုပြီး အထက်ပါ ဂါထာတော်ကို (၃၇)ခေါက် ရွတ်ဆိုပွားများကြောင်း၊ ခဏကြာလျှင် မန္တ လေးတောင်ပေါ် ဘုရားလာဖူးသည့် ဘုရားဖူးများက ၎င်း တို့ဝတ်ဆင်ထားသည့် လက်ဝတ်လက်စား ရွှေငွေရတနာ တို့ကိုချွတ်၍ လှူဒါန်းကြရာ ခဏနှင့်ပင် လင်ဗန်းပြည့် ကြောင်း၊ ထိုအခါမှပင် ရသေ့ကြီးက သူ ရွှေ၊ ငွေဖြစ်သည် ဆိုခြင်းမှာ ဤဂါထာတော်ကြောင့်ဖြစ်ကြောင်း ပြောပြပြီး ဂါထာတော်ကိုလည်း ပေးလိုက်ကြောင်း’ပြောပြပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ယုံယုံကြည်ကြည်

စွဲစွဲမြဲမြဲဖြင့် ဂါထာတော်မြတ်ကြီးကို ရွတ်ဆိုပွားများခဲ့ပါသည်။ နံနက်အိပ်ရာထ မျက်နှာသစ်ပြီး ဘုရားဝတ်ပြု၊ ငါးပါးသီလ ခံယူပါသည်။ ပြီးလျှင် 'ဘုရားတပည့်တော်သည် ဒိဝါတပတိ အာဒိစ္စော အစချီ ဂါထာတော်မြတ်ကြီးအား (၃၇)ခေါက် ရွတ်ဆိုပွားများပါမည်။ ဤသို့ အကျိုးအားကြောင့် ဤနေ့၊ ဤရက်တွင် ငွေကျပ်( . . . )ရရပါလို၏'ဟု အဓိဋ္ဌာန်ပြီး ရွတ်ဆိုပွားများရာ အစပိုင်းတွင် အဓိဋ္ဌာန်အတိုင်း အပြည့်အဝ မရသော်လည်း ကြာသောအခါ အဓိဋ္ဌာန်အတိုင်းမက ပို၍ပင် ရလာတတ်ပါသည်။

ထူးခြားချက်တစ်ခုမှာ မည်မျှပိုရသော်လည်း အိမ်ပြန်ရောက်သည့်အခါ အဓိဋ္ဌာန်သည့် ငွေအတိုင်းသာ ပြန်ပါလာတတ်ပါသည်။

ဥပမာ– ငွေ ၂၀၀ကျပ် ရရပါလို၏ဟု အဓိဋ္ဌာန်သော်လည်း ငွေနှစ်ရာမက သုံးရာ လေးရာပင် ရတတ်ပါသည်။

သို့သော် အိမ်ပြန်ရောက်ပြီး စာရင်းချုပ်သည့်အခါ ငွေနှစ်ရာပင် ဖြစ်နေတတ်ပါသည်။ ကိုယ်တွေ့ဖြစ်သဖြင့် ထူးဆန်း အံ့သြရပါသည်။ အလွတ်ပြီးလျှင် (၃၇)ခေါက်မှာ (၁၅)မိနစ်ခန့်ပင် ကြာသဖြင့် အချိန်လည်းမကုန်လှပါ။ လက်တွေ့ အကျိုးများသဖြင့် ရွတ်ဆိုပွားများသင့်ပါသည်။

သို့ရာတွင် ဝေဒမဂ္ဂဇင်း၌ ဆရာဝင်းမြင့်(မကွေး)

ဖော်ပြထားသော ဂါထာတော်၏ အဆုံးပိုဒ်မှ 'သဗ္ဗပူရေန္တု သက်ပွါ'ဟူသော အဆုံးစာကြောင်းနှင့် ကျွန်တော့်ဖခင် ပေးထားသည့် ဂါထာတော် အဆုံးပိုဒ်၏ 'သဗ္ဗေပူရေန္တု သက်ပွါ'ဟူသော အဆုံးစာကြောင်းတို့ ကွဲလွဲနေပါသဖြင့် ဇဝေဇဝါ ဖြစ်သွားမိပါသည်။ မည်သည်ကို အမှန်ယူ အသံ ထွက်ဖတ်ရမှန်း မသိတော့သည့်အတွက် ဇောတိသဝေဒ မဂ္ဂဇင်းမှ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသံထွက်မှန်မှန် ရွတ်ဆိုပွားများမှ ပို၍ အကျိုးသက် ရောက်မှုရှိမှာ ဖြစ်ပါသည်။

ထို့ပြင် ဇောတိသဝေဒ မဂ္ဂဇင်းမှတစ်ဆင့် ဒါန ပြုလိုသည့် ဂါထာတော်မြတ်တစ်ခု ရှိပါသည်။ ၎င်းဂါထာ တော်မှာ 'နောကိုးတန် ဣရှစ်ချက် ဂါထာတော်'ဖြစ်ပါ သည်။ ကျွန်တော်၏ ယခင် စီးပွားရေးလုပ်ငန်းသည် (၁၅)ရက်တစ်ကြိမ် အရှုံးအမြတ်ပေါ်သော လုပ်ငန်းဖြစ်ရာ အထက်ပါ 'နောကိုးတန် ဣရှစ်ချက် ဂါထာတော်'ကို စွဲစွဲမြဲမြဲ ရွတ်ဆိုပွားများသည့်အတွက် (၇)ကြိမ်ဆက်တိုက် အမြတ်ငွေများ ရရှိခဲ့ပါသည်။ ဂါထာတော်ကို မရွတ်သည် နှင့် အရှုံးပေါ်ခဲ့ရာ ကျွန်တော်ကိုယ်တိုင်နှင့် စီးပွားဘက် များမှာ လွန်စွာ အံ့သြခဲ့ရပါသည်။ ၎င်းဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နောရဒ္ဓတိ ရဒ္ဓမာနော။

နနော နနော ဥတ္တမော၊

မာနော နနော နနော၊
ဘုမ္မိရာဇာနော နနော။
ဣတိသော ဣတိပိသောဘဂဝါ ဝုတ္တာ၊
ဣတိ မန္တာ သုခါဝဟာ၊
ဣတိ ဗုဒ္ဓေဟိ သရဏံ သဗ္ဗဒေဝါ ပီယံ မမ၊
ဣတိ ဓမ္မေဟိ သရဏံ စတုရာဇာ ပီယံ မမ၊
ဣတိ သံဃေဟိ သရဏံ သဗ္ဗရာဇာ ပီယံ မမ၊
ဣတိ ရတနံ သရဏံ ပုရိသ ဣတ္ထိ ပီယံ မမ၊
ဣတိ သဗ္ဗ သန္တရာယော
ဝိနဿန္တု အသေသတော။

၎င်းဂါထာတော်ကို နေ့အလိုက် သက်ဆိုင်ရာအရပ် မျက်နှာမူပြီး အရပ်(၈)မျက်နှာ လက်ျာရစ်လှည့်၍ (၉) ခေါက်စီ ရွတ်ဆိုရပါသည်။ ဥပမာ ယနေ့သည် တနင်္လာ ဖြစ်ပါက တနင်္လာအရပ် အရှေ့ဘက်ကို ဦးစွာမျက်နှာမူ ပြီး အရပ်(၈)မျက်နှာ လက်ျာရစ်လှည့်၍ (၉)ခေါက်စီရွတ် သွားရပါမည်။ ထို့ပြင် ကျရောက်သည့်နေ့၏ အရပ်ကို မျက်နှာမူပြီး နံနက် ည (၉)ခေါက်စီ ရွတ်လျှင်လည်း ရပါ သည်။ ကျွန်တော့်အနေဖြင့် နံနက်(၉)ခေါက် ည(၉)ခေါက် ရွတ်ဆိုပွားများရုံပင် ဖော်ပြပါအတိုင်း အကျိုးခံစားရရာ စာဖတ်သူတို့အနေဖြင့် အလိုရှိသလို ယုံယုံကြည်ကြည် ရွတ်ဆိုပွားများကြပါ။ စီးပွားလာဘ်လာဘ လက်တွေ့ အ

ကျိုးများပါသည်။

ဤနေရာတွင်လည်း ရဟန်းရှင်လူ ပြည်သူတို့၏ အကျိုးကို ရှေ့ရှုလျက် ဇောတိသဝေဒမဂ္ဂဇင်းအား မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်တော်၏ဖခင်က ကျွန်တော့်အား ဤဂါထာတော်ကိုပေးစဉ် အနက်အဓိပ္ပာယ်နှင့်ပါ ပေးခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် ထိုစဉ်က လူငယ်ကလည်းဖြစ်၊ မိမိအတွက် ဂါထာရပြီး ပြီးတာပဲ၊ အနက်အဓိပ္ပာယ်လည်း ရေးမှတ်မနေတော့ပါဘူး ဆိုပြီး မှတ်မထားလိုက်မိပါ။ ယခုလို အများပြည်သူ ရဟန်းရှင်လူတို့ ရွတ်ဆိုပွားများသည့်အခါ အနက်အဓိပ္ပာယ်ကို နှလုံးသွင်းပြီး ရွတ်ဆိုပွားများပါရန်အတွက် ဇောတိသဝေဒ မဂ္ဂဇင်းမှ ကူညီဖြေရှင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သတ္တဝါအများ ကျန်းမာ၊ ချမ်းသာကြပါစေ။

**ထိန်ဝင်း**

ဥပဒေပညာရှင် ဦးထိန်ဝင်းသို့...

ဦးထိန်ဝင်း၏ နော(၉)တန် ဣ(၈)ချက် ဂါထာတော် ဒါနပြုဝေငှချက်တွင် မေတ္တာရပ်ခံချက် ၂ခု ပါရှိသည်။

ပထမ မေတ္တာရပ်ခံချက်ကို ရှင်းလင်း တင်ပြပေးပါမည်။

'သဗ္ဗ ပုရေဏ္ဍ သက်ပွါ'ဟု ပါရှိသည်မှာ မှားယွင်းနေပါသည်။

မှားယွင်းကြောင်းမှာ- သဗ္ဗသည် ပုဒ်ခေါင်းတုံးဖြစ်၍ ဆက်စပ်မှုမရှိ၊ ထီးတည်းသာ ဖြစ်ပါသည်။ ဒီလိုမှမဟုတ်ဘဲ သဗ္ဗာ=သဗ္ဗာနိ ဆိုပြန်လျှင်လည်း နပုလ္လိင်ဖြစ်သည်။ သဗ္ဗာယော ဆိုပြန်လျှင်လည်း ဣတ္ထိလိင် ဖြစ်သည်။ သက်ပွါသည် ဝိသေသျ ရှေ့သွားဖြစ်၍ သဗ္ဗသည် ဝိသေသန နောက်လိုက်ဖြစ်သည်။ သက်ပွါဟူသော ရှေ့သွားပုဒ်သည် ပုလ္လိင်ဖြစ်သောကြောင့် နောက်လိုက်ဖြစ်သော သဗ္ဗကို သဗ္ဗေဟူ၍ ရွတ်ဆိုမှသာလျှင် မှန်ကန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သဗ္ဗနေရာတွင် သဗ္ဗေဟူ၍ ရွတ်ဆိုပါ။ ဦးထိန်ဝင်း၏ မေတ္တာရပ်ခံချက်ကြောင့် သဗ္ဗဟူသော အမှားမှ သဗ္ဗေဟူ၍ အမှန်ဖြစ်သွားသည့်အတွက် ဦးထိန်ဝင်းအား အထူး ကျေးဇူးတင်ရှိပါသည်။

ဒုတိယ မေတ္တာရပ်ခံချက်ကို ရှင်းလင်း တင်ပြပေးပါမည်။

ဦးထိန်ဝင်း ဒါနပြုပေးပို့သော ဂါထာတော်သည် ပါဠိပျက် ပုဒ်ပျက်များ ဖြစ်၍နေသောကြောင့် အနက်အဓိပ္ပာယ် မှန်မှန်ကန်ကန် စည်းကမ်းစနစ်တကျ ပြန်၍မရပါ။ ဤဂါထာကဲ့သို့ပင် တန္တရ၊ မန္တရ၊ သိဒ္ဓိမြောက် စီရင်နည်းများ၌လည်း ပါဠိပျက် ပုဒ်ပျက်များရှိ၍ နေတတ်ပါသည်။ မြန်မာစကားကို ရေရေလည်လည် မပြောတတ်

သော လူမျိုးခြားတစ်ယောက်က မပီကလာ ပီကလာ မပြောတတ်ပြောတတ် ပြောသကဲ့သို့ပင် ဖြစ်၍နေတတ်ပါသည်။

ဥပမာလေးတစ်ခုနှင့် တင်ပြပါမည်။ တစ်ခါက အင်္ဂလိပ်စကား ရေရေလည်လည် မပြောတတ်သော ဂျပန်အမျိုးသားတစ်ဦးက 'Tomorrow tomorrow two tomorrow photo finish you come' 'မနက်ဖြန်ခါ မနက်ဖြန်ခါ နှစ်ခါ မနက်ဖြန်ခါ ဓာတ်ပုံပြီးမယ် ခင်ဗျား လာခဲ့ပါ' ပြောသကဲ့သို့ပင် ဖြစ်၏။ ထို့ကြောင့် ဂါထာတော်ကို နားလည်၍ အာဂုံပြန်နိုင်စေရန်အလို့ငှာ ဆီလျော်သလို အဓိပ္ပာယ် ပြန်ပေးလိုက်ပါသည်။ ဦးထိန်ဝင်း၏ ဂါထာတော်မှာ စာကြောင်းရေ(၁၁)ကြောင်း ရှိပါသည်။

စာကြောင်းရေ (၁)။ ။ ငါတို့ ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသခင်သည် ပါရမီဖြည့်စဉ် အလောင်းတော်ဘဝက တပ်မက်မောခြင်း ရှိခဲ့သော်လည်း ဘုရားစင်စစ် ကေန်ဖြစ်သည့်အခါမှစ၍ တပ်မက်မောခြင်း ကင်းခဲ့သည်။

စာကြောင်းရေ (၂)။ ။ ငါတို့ ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသခင်သည် မိမိကိုယ်မိမိ မြတ်ပါသည် ဟူ၍

ပြောဆိုကြသူတို့ထက် ယှဉ်ပြိုင်နိုင်ခြင်း မရှိအောင် မြတ်လှပါပေသည်။

စာကြောင်းရေ (၃)။ ။ ငါတို့ ကိုးကွယ်ဆည်းကပ်သော ဘုရားသခင်သည် သိနားလည်သည့်အရာတွင် ယှဉ်ပြိုင်နိုင်သူ မရှိအောင် သိနားလည်ပါပေသည်။

(မှတ်ချက်။ ။ မာနေဝှာသည်မှာ သိနားလည်သူ၊ တက်ကြွသူ၊ နှိုင်းယှဉ်တိုင်းတာတတ်သူဟူ၍ အဓိပ္ပာယ်အမျိုးမျိုး ထွက်၏။ ယခု သိနားလည်သည်ကိုသာ ဦးစားပေး ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။)

စာကြောင်းရေ (၄)။ ။ ငါတို့ ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသခင်သည် ဤကမ္ဘာမြေပေါ်၌ ရှိကြကုန်သော မင်းအပေါင်းတို့ စုပေါင်း၍ ယှဉ်ပြိုင်ကြသော်လည်း ယှဉ်ပြိုင်နိုင်ကြလိမ့်မည် မဟုတ်။

စာကြောင်းရေ (၅)။ ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့် ငါတို့ကိုး

ကွယ်ဆည်းကပ်သော မြတ်စွာဘုရားသခင်သည် ဘုန်းတော်ဖပါးနှင့် ပြည့်စုံတော်မူ၏ဟူ၍ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့က ပြောဆိုကြခြင်းဖြစ်သည်။

စာကြောင်းရေ (၆)။ ။ ငါတို့ ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသခင်သည် အတုမရှိသော ဉာဏ်ပညာတော်တို့နှင့် ပြည့်စုံပါပေ၏။ ဤသို့ အတုမရှိသော ဉာဏ်ပညာအပေါင်းနှင့် ပြည့်စုံသော ဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပေးသနားတော်မူ၏။

(မှတ်ချက်။ ။ မန္တန်သည် ပညာဉာဏ်၊ သုတေသန အမှတ်အသား၊ လျှို့ဝှက်စကားဟူသော များပြားလှသော အဓိပ္ပာယ်များ ရှိသည့်အနက် ပညာဉာဏ်ကိုသာ ဦးစားပေး၍ ဖော်ပြခြင်း ဖြစ်ပါသည်။)

စာကြောင်းရေ (၇)။ ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံ

တော်မူသော မြတ်စွာဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ရသော အာနုဘော်ကြောင့် ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည် အကျွန်ုပ်အား ချစ်ကြပါစေကုန်သတည်း။

စာကြောင်းရေ (၈)။ ။ သွက္ခတ္တံ စသော ဖပါးသောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဤသို့ ကိုးကွယ်ဆည်းကပ်ရသော အာနုဘော်ကြောင့် နတ်မင်းကြီးလေးပါးတို့သည် အကျွန်ုပ်အား ချစ်ခင်ကြပါစေကုန်သတည်း။

စာကြောင်းရေ (၉)။ ။ သံဃာတော် အရှင်မြတ်တို့ကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်း၏ အာနုဘော်ကြောင့် ခပ်သိမ်းကုန်သော မင်းအပေါင်းတို့သည် အကျွန်ုပ်အား ချစ်ခင်ကြပါစေကုန်သတည်း။

စာကြောင်းရေ (၁၀)။ ။ အမြတ်ဆုံးသော ရတနာ ၃ပါး

ကို ကိုးကွယ်ဆည်းကပ်ပါ၏။
ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်း
၏ အာနုဘော်ကြောင့် ယော
ကျ်ား၊ မိန်းမ ဟူသမျှတို့သည်
အကျွန်ုပ်အား ချစ်ခင်ကြပါစေ
ကုန်သတည်း။

စာကြောင်းရေ (၁၁)။ ။ ဤသို့ ဘုရား၊ တရား၊ သံဃာ
ရတနာသုံးဖြာတို့ကို ကိုးကွယ်
ဆည်းကပ်ခြင်း၏ အာနုဘော်
ကြောင့် ခပ်သိမ်းကုန်သော အန္တ
ရာယ်တို့သည် အကြွင်းအကျန်
မရှိ ပျောက်ပျက်ကြပါစေ ကုန်
သတည်း။

ဂါထာများကို ရွတ်ဆိုရာ၌ အောက်ဖော်ပြပါအချက် ၃ချက်ကို ပြည့်ပြည့်စုံစုံ ရွတ်ဆိုပွားများမည်ဆိုပါက ကြီးစွာသော အကျိုးကို ဖြစ်စေပါသည်။

(၁) ပါဠိအက္ခရာ မှန်ကန်ခြင်း၊
(၂) အဖြတ်အတောက်နှင့် အသံထွက် မှန်ကန်ခြင်း၊
(၃) အနက်အဓိပ္ပာယ်ကို သိ၍ အာရုံရှေ့ရှု သက်ရောက်မှုရှိခြင်းတို့ ဖြစ်သည်။

ယခု ဂါထာတော်၌ အမှတ်(၃)အရ ရွတ်ဆိုနိုင်မည်ဖြစ်ရာ ဖော်ပြသော အဓိပ္ပာယ်တို့ကို အာရုံရှေ့ရှုသက်ရောက်၍ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုမည်ဆိုပါက ဦးထိပ်ဝင်းပြောသကဲ့သို့ ပြည့်စုံပါလိမ့်မည်။

တာဝန်ခံစာတည်း

# စာကလေးတစ်စောင်

ဒိဝါတပတိဂါထာနှင့် ပတ်သက်၍ ရန်ကုန်မြို့ အမှတ်(၉၂) ကိုင်းတန်းလမ်းတို လမ်းမတော် မြို့နယ်နေ ဦးခင်မောင်ဝင်းထံမှ စာကလေး တစ်စောင် ရောက်ရှိလာပါသည်။ ရှုကြပါဘိ။

၇–၈–၁၉၈၉။

## စာကလေးတစ်စောင်

**ဆရာဦးဝင်းမြင့်(မကွေး)**

ပြေါ်လထုတ် ဝေဒမဂ္ဂဇင်း ဆရာ ရေးသား ခဲ့သော သဗ္ဗမင်္ဂလာ ဂါထာပါသော စာအုပ်ကို တစ်နေ့တွင် အိမ်၌ ဆွမ်းခံကြွသော ဘုန်းကြီး၏ တပည့်ကြီးက ယူ၍ လာခဲ့ပါသည်။

စာတွင်ပါသော စာသားများအရ ၅၁လမ်း တွင် နေထိုင်သော ဒေါ်မမကြီးမှာ ဆီးခဏခဏ သွားသောရောဂါ ၂ရက်အတွင်း ပျောက်ကင်း ကြောင်း သိရသဖြင့် ပိုပြီး စိတ်ဝင်စားသွားပါ သည်။ အကြောင်းကတော့ အိမ်တွင် သမီးအငယ် ဆုံးမလေးသည် ဆီးခဏခဏသွားနေ၍ ဆရာဝန် အား ပြသကြည့်ရန် စီစဉ်နေချိန် ဖြစ်ပါသည်။

ဆရာ၏ ရေးသားချက်များ ဖတ်ကြည့်ပြီး အဆိုပါဂါထာအား ကျွန်တော်တို့ တစ်အိမ်သား လုံး စိတ်ဝင်စားကြပါသဖြင့် ကလေးများအား စာ ပြသော ကျောက်သင်ပုန်းကြီးတွင် ချက်ချင်းကောက်

ရေးပြီး အလွတ် ကျက်ကြစေပါသည်။ ဉာဏ်ကောင်းသော လေးတန်းကျောင်းသူ သမီးအကြီးဆုံးမှာ အားလုံးထက် ဦးစွာအလွတ်ရပြီး ယခုစာရေးနေချိန်တွင် အဆိုပါဂါထာအား ဒိုးဒိုးဒေါက်ဒေါက် မှတ်နေအောင် အလွတ်ရနေပါပြီ။

ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ် ကျက်မှတ်ကြလို့လားတော့ မသိပါ။ ထူးလိုက်တဲ့ ဂါထာဗျာ။

ဂါထာရေးသားကျက်မှတ် အလွတ်ရအောင်ကျက်မှတ်ကြတဲ့ အခု ၄-၅ရက် အတောအတွင်းမှာ ကြွေးတွေလာပေးပြီး ဆပ်ကြပါတော့သည်။ ပထမတစ်ယောက် နောက်တစ်ယောက် အားလုံးလေးယောက်တိတိ ကြွေးတွေလာပေးပြီး ဆပ်ကြပါတော့သည်။

ကျွန်တော်တို့ မိသားစုလည်း ပိုပြီး ယုံကြည်မှုရှိလာပြီး နေ့စဉ်နေ့တိုင်း ဂါထာကို ရွတ်ဖတ်ကြပြီး သစ်သီးဆွမ်းတွေလည်း ကပ်ကြနှင့်လုပ်ကြပါသည်။ အဲဒီလိုလုပ်ရင်းမှာပဲ (၆)ကြိမ်မြောက် အောင်ဘာလေထီ ၁၅၀၀ဆု ထပေါက်ပြန်သည်။ ထူးလိုက်တဲ့ ဂါထာဗျာ၊ မပြောပါနဲ့တော့။

ကျွန်တော်က မီးသွေးလုပ်တော့ ပထမ

ဖြတ်ထားတဲ့ မီးသွေးအရောင်းဆိုင် –ဆိုင်ကလည်း မီးသွေးဆက်ပို့ရန် လာပြီးမှာကြပြန်တယ်။ ဒါလည်း ဂါထာရဲ့ တန်ခိုးပေါ့နော်။

ကျွန်တော်တို့လည်း ယုံကြည်လွန်းလို့ နေ့စဉ် ရွတ်ဆိုကြရမယ်။ ကိုယ်ကိုယ်တိုင်လည်း ရွတ်မယ်ဆိုပြီး သံမိဋ္ဌာန် ချထားပါပြီ။ အခုတော့ ဒုတိယတန်းကျောင်းသူ ရှစ်နှစ်သမီးကလေးကလည်း အလွတ်ရနေပါပြီ။ သူ့ကိုတော့ နှုတ်တိုက်သင်ပေးရတာပေါ့။ ခေါက်ရေထွေများလာပြီး သူ့အစ်မတွေကလည်း ရွတ်ဖတ်ကြတော့ သူလည်း ရတော့တာပါပဲ။

ဆရာ့လိပ်စာကို ဗိုလ်ချုပ်ဈေးမှာ သွားမေးပါတယ်။ မေးရတဲ့ အကြောင်းကတော့ အငယ်မလေးအတွက် ဆီးသွားရောဂါပျောက်တဲ့ ဆေးနည်းကို လိုချင်လို့ပါ ဆရာခင်ဗျား။ ကျေးဇူးပြု၍ ရန်ကုန်ရောက်တဲ့အခါ အိမ်ကို ဝင်ခဲ့ပါရန်နှင့် ဆေးကုသပေးရန် မေတ္တာရပ်ခံလိုက်ပါရစေ။ ဆရာ့ကိုလည်း တွေ့ချင် မြင်ချင်ပါတယ်။

**ဦးခင်မောင်ဝင်း**

အမှတ်(၉၁) ကိုင်းတန်းလမ်းတို

လမ်းမတော်မြို့နယ်

ရန်ကုန်မြို့။

# သဗ္ဗဇယမင်္ဂလာ (ဝါ) သဗ္ဗသိဒ္ဓမင်္ဂလာ ဂါထာတော်ကြီး

သဗ္ဗဇယမင်္ဂလာ ဋ္ဌဝင်ဂါထာတော်နှင့် ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေး (ခပ- ၁၂ လိုင်း)မှ ထူးလင်းလှိုင်ကလည်း သူ၏ မျက်မြင်ကိုယ်တွေ့ ဒိဋ္ဌဓမ္မ ခံစားခဲ့ရပုံများကို ဓမ္မမိတ်ဆွေအပေါင်းအား အကျိုးထူးများ ရရှိစေခြင်းငှာ ရေးသား ဖော်ပြအပ်ပါသည်။

# သဗ္ဗဇယမင်္ဂလာ (ဝါ) သဗ္ဗသိဒ္ဓိမင်္ဂလာ ဂါထာတော်ကြီး

ဒိဝါ တပတိ အာဒိစ္စော, ရတ္တိမာ ဘာတိ စန္ဒိမာ, သန္နဒ္ဓေါ ခတ္တိယော ဘာတိ, ဈာယီတပတိ ဗြာဟ္မဏော။ အထသဗ္ဗ မဟောရတ္တိံ ဗုဒ္ဓေါတပတိ တေဇသာ, တာဒိသံ တေဇ သမ္ပန္နံ ဗုဒ္ဓံဝန္ဒာမိ အာဒရံ။ နမက္ကာရာ နုဘာဝေန သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဝင်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ- နေ့အခါ၌သာလျှင်။ တပတိ- နေမင်းတို့ အရောင်အဝါဖြင့် ထွန်းလင်းတောက်ပ တင့်တယ်လှပါပေ၏။

စန္ဒိမာ ငွေသော်တာစန်း ရဝေနန်းကဲ့သို့၊ မသာလည်းတ သာလည်းတရသည့် ကမ္ဘာတန်ဆာ လ,စန်း ရတနာကြီးသည်၊ ရတ္တိံ ညဉ့်အခါ၌သာလျှင်။ အာတာတိ=

ကြယ်များသနင်း မင်းထက်မင်းမို့ တစ်ဦးချင်းဖြင့်၊ ထွန်းလင်းတောက်ပ တင့်တယ်လှပါပေ၏။ '

ခတ္တိယော၊ ရေမြေပိုင်သ အစိုးရသည့်၊ လောကသနင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ= မင်းမြောက်တန်ဆာဝတ်ဆင်မှသာလျှင်၊ ၁ခလျှံရောင် ဂုဏ်ထူးဆောင်၍ ထွန်းပြောင်ကျက်သရေ တင့်တယ်လှပါပေ၏။

ဗြဟ္မဏော– အေးနိဗ္ဗာန်ပြည်မြတ်သို့ ဆက်ဆက်ဧကန် ရောက်မည်မှန်သော ဈာန်ပျံဘုန်းမော် ရဟန္တာကိုယ်တော်မြတ်ကြီးမှာမူကား။ ဈာယီ ဈာန်သမာပတ် ဝင်စားလတ်သော အခါ၌သာလျှင်။ တပတိ ရဟန္တာတို့၏ ကျက်သရေဖြင့် တင့်တယ်တော်မူလှပါပေ၏။

အထ– ထိုသို့ နေမင်းကတော့ နေ့အခါ၊ လမင်းကတော့ ညအခါ၊ ပြည်အောင်ချာစိုးအုပ်၊ မင်းလုပ်သူကျပြန်တော့ မင်းမြောက်တန်ဆာ၊ ရဟန္တာကိုယ်တော် ထေရ်ဘုန်းမော်ကျပြန်တော့ သမာပတ်ဈာန်၊ အတန်တန်အထူးထူး ဆိုခဲ့သည့် ဤလေးဦးတို့တွင် လွန်ကျူးမသော မိမိတို့ဆိုင်ရာဖြင့်သာလျှင်၊ ရောင်ဝါတန်ခိုး၊ တောက်ပလို့စိုးသော်လည်း။ ဗုဒ္ဓေါ= သဗ္ဗာလေးရံ ပန်းဝတ်မှုံကို ဝတ်ရုံဆင်မြန်း၊ ရဟန်းတို့ ထိပ်သီးဘုရားရှင် ကိုယ်တော်မြတ်ကြီးမှာမူကား၊ တေဇသာ– လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး၊ စောင့်ထိန်း ဆည်းပူးခဲ့သော ပါရမီတော်အဟုန်စွမ်းသတ္တိ တန်ခိုးဂုဏ်တော်တို့ကြောင့်။ တပတိ–

ပြိုင်သူဖက်ကင်း တစ်ယောက်ချင်းဖြင့်၊ ထွန်းလင်းတောက်ပ တင့်တယ်တော်မူလှပါပေ၏။

တာဒိသံ တေဇ သမ္ပန္နံ- ထိုသို့ သဘောရှိသော ကျေးဇူးတော်အဟုန် တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ- မြတ်စွာဘုရားရှင်ကို၊ အာဒရံ- ရိုသေလေးမြတ်စွာ။ ဝန္ဒာမိ- ဦးချဝန္ဒနာ ရှိခိုးပါ၏ အရှင်ဘုရား။

နမက္ကာရာ= နဘာဝေန- ဘုရား, တရား, သံဃာ ရှိခိုးရခြင်း စေတနာ၏ အာနုဘော်တော်ကြောင့်။ သဗ္ဗေ သင်္ကပ်ါ= လုံးစုံများစွာ လောကီ, လောကုတ္တရာ, အကြံ အစည်ဟူသမျှတို့သည်။ ပူရေန္တု= တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်တော်မူနိုင်ကြ ပါစေသတည်း။ ။

အထက်ပါ သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီးသည် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးထူးတရားများ ကို ပေးစွမ်းနိုင်သည့်အလျောက် မတူကွဲလွဲသော ပါဠိ အနည်းငယ်ရှိစေကာမူ အားလုံးမှန်ကန် ကောင်းမွန်သည်ဟု သာ ဆိုရပါမည်။

လောက လူသားတိုင်းသည် လောကဓံတရား ရှစ် ပါးနှင့် မလွဲမသွေ တွေ့ကြုံကြရပြီး၊ တွေ့ကြုံနေကြရဆဲ၊ တွေ့ကြုံကြရပေဦးမည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကလည်း (လာဘ်ခြွေရံရ၊ ချီးမွမ်းကြ၊ လောကချမ်းသာမြဲ။

ထိုလေးမျိုးမှ ပြောင်းပြန်ကျ လောကဝမ်းနည်းမြဲ။ လောကဓမ္မရှောင်မရ။ မုချ တွေ့ရစမြဲ။)ဟု လက်ာစီ၍ ဟောကြားတော်မူခဲ့ပါသည်။

ဆိုလိုရင်းမှာ– လာဘ်လာဘ အခြေအရံပေါ်များ၊ ချီးမွမ်း ချမ်းသာသုခ ခံစားနေရစဉ်တွင် အကြောင်းမဟုတ်သော်လည်း ဤလေးမျိုးမှ ပြောင်းပြန်ကျ၍ ကိုယ်စိတ်ဆင်းရဲဒုက္ခ ရောက်နေချိန်တွင် များစွာတုန်လှုပ်၍ ကိုးကွယ်အားထားရာ ရှာကြသည်။ ကူညီထောက်ပံ့မည့်သူကို မျှော်လင့်တောင့်တ ရှာဖွေကြသည်။

တချို့သူများက ဓာတ်ရိုက်, ဓာတ်ဆင်, ဗေဒင်ယတြာနှင့် နတ်အမျိုးမျိုးကို ပသကြသည်။ အချို့ကလည်း လူပြောသူပြောများ ထင်ရှားလှသည့် ဂါထာမန္တန်များကို ရွတ်ဖတ် ပူဇော်ကြသည်။ တစ်ပွဲတိုးသဘောဖြင့် ဉ်ုသံပေး၍ အောင်ရေးမြော်, လာဘ်ခေါ်ပုတီး, ရာ–ထောင်ချီ၍ စိပ်ကြသည်။ အဓိဋ္ဌာန်ဝင်ကြသည်။ မီးလွှတ်၊ သက်လွှတ်စားကြသည်။ သို့ရာတွင် လိုအင်ဆန္ဒ ပြည့်ဝသူများရှိသကဲ့သို့၊ တောင့်တ, ကြောင့်ကြ, ဆင်းရဲဒုက္ခ ရောက်မြဲရောက်ကြသူများလည်း ရှိကြသည်။ (မြစ်ကို အလျားလိုက်ကူးသူ)ကဲ့သို့ လိုရာကမ်းသို့မရောက် လက်ပမ်းကျ၍ ရေနစ်သူအဖြစ်မျိုးသို့ ရောက်ကြရသူ များလှသည်။

ဤဂါထာတော်ကြီး မည်ရွေ့မည်မျှ အစွမ်းထက်သည်ဟု မပြောဆိုနိုင်ကြပါ။ သို့သော် ကျွန်တော်၏ကိုယ်

တွေ့ အကျိုးထူး ခံစားရပုံကလေးတစ်ခုကို အသိပေး တင်ပြလိုပါသည်။

မြန်မာ့တပ်မတော် ဖက်ဆစ်ဂျပန်များအား တော်လှန်တိုက်ခိုက်သည့် ၁၉၄၅ခု၊ မတ်လ ၂၇ရက် နောက်ပိုင်းတွင် ဖြစ်သည်။

ဂျပန်များသည် စစ်ပြေးရင်း ကြည့်မြင်တိုင် ဘုတာရုံကြီးရှိ ကုန်တွဲများအား မီးရှို့ခြင်း၊ လမ်းသွားလမ်းလာများကို ပစ်ခတ်နှိပ်စက်ခြင်း ပြုနေစဉ် ဦးကြီးသည် ကိုယ်ပိုင်မြင်းလှည်းဖြင့် ခရီးသည်များကို ကြို/ပို့လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နေ့တွင် ဂျပန်များက သူ့အား မညှင်းဆဲသည့်အပြင် ရထားတွဲများမှ မီးမလောင်ဘဲကျန်သော အထည်အလိပ် အချို့ကိုပင် မြင်းလှည်းပေါ် တင်ပေးလိုက်ကြသည်။

ဦးကြီးဖြစ်သူမှာ ၅ပါးသီလ စောင့်ထိန်း၍ မိဘများကို ရိုးသားစွာ ရှာဖွေလုပ်ကိုင် ကျွေးမွေးနေသူ ဖြစ်ပါသည်။ ဤဂါထာကို နေ့စဉ်ရွတ်ဆို၍ ကျွန်တော့်အား နှုတ်တိုက် သင်ကြားပေးသဖြင့် မှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။

အို...ခမ္မမိတ်ဆွေများ၊ လောကခံတရားကြောင့် ဝမ်းနည်း အားငယ်၊ စိတ်ဓာတ်ကျစရာ အကြောင်းတစ်စုံတရာ ပေါ်ပေါက်နေပါသလား။

စစ်မှန်သော အားထားရာ ရတနာသုံးပါးရှိပါသည်။

လောဘယှဉ်၍ တောင့်တ, ကြောင့်ကြ, ပူဆွေးသောက မဖြစ်ကြပါနှင့်။

ဤဂါထာတော်ကြီး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို သေချာကျနနှလုံးသားအလှတွင် သီလဖြူစင်ပါစေ။

ပါဠိတော်ကို အဖြတ်အတောက်မှန်မှန်, ဌာန်ကျကျ, ဆရာ့ထံ နည်းခံရသည့်အတိုင်း နေ့စဉ် နံနက်/အိပ်ရာဝင် အဓိဋ္ဌာန်တင် ရွတ်ပွားပူဇော်ခြင်းအားဖြင့် လောကီအကျိုး သိဒ္ဓိတန်ခိုးနှင့် လောကုတ္တရာအကျိုး တာဂမျိုးတို့ကို လက်တွေ့ခံစား, စံစားကြရမည်မှာ အမှန်ဖြစ်ပါ၍ နေ့စဉ်ဝတ်ထား ရွတ်ပွား ပူဇော်နိုင်ကြပါစေ။

၁၉၈၉ခု၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ငွေဝင်ဂါထာနှင့် ပတ်သက်၍ ဆောင်းပါးတစ်ပုဒ် တစ်ဖက်ပါအတိုင်း ရေးသားခဲ့ပါသည်။

## ငွေဝင်ဂါထာနှင့်
## ထိမ်ချန်ထားခဲ့မိသော ဖြစ်ရပ်ကလေးတစ်ခု

(၁)

ယခုတလော ကျွန်တော်ရောက်လေရာအရပ် ဘယ်သွားသွား သဗ္ဗဓေယျမင်္ဂလာဂါထာ (ခေါ်) ငွေဝင်ဂါထာနှင့်ပတ်သက်ပြီး ရွတ်ပြခိုင်းပါသည်။ တစ်နေ့ဘယ်နှစ်ခေါက် ရွတ်ရမလဲဟုလည်း မေးသည်။

မိမိအချိန်ရသလောက် ရွတ်ပါဟု လွယ်လွယ်အဖြေပေးမိသည်။ ကျွန်တော်၏ စာပေအပေါင်းအသင်း ရောင်းရင်းများကလည်း 'ဝေဒ'ထဲ၌ ရေးသောဆောင်းပါးမျိုး သူတို့မဂ္ဂဇင်း၌ ရေးပေးပါဟု ဆိုပြန်ပါသည်။

ထိုဂါထာ၏ စွမ်းအင်အကျိုးပေး ကျွန်တော့်အတွေ့အကြုံ ရေးပြီးပြီပဲ၊ နောက်ထပ်ရေးစရာ မရှိတော့ပါ။

စိတ်ကူးယဉ်ရေး၍ရသော အကြောင်းအရာများ မဟုတ်ပါ။

သို့သော်...သို့သော်...ငွေဝင်ဂါထာနှင့် ပတ်သက်၍ ထိမ်ချန်ထားခဲ့မိသော ဖြစ်ရပ်ကလေးတစ်ခုတော့ ရှိပါသည်။ ဖွင့်မရေးသင့်ဟုထင်၍ မရေးခဲ့ပါ။ ယခုတော့... ဆိုရေးရှိက ဆိုအပ်လှ၏ဟု ဆိုစကားအတိုင်း...။

(၂)

တစ်နေ့သောအခါ...

မန္တလေးမြို့ မောင်မောင်ပြေစာပေမှ ဦးမောင်မောင်ပြေက မန္တလေးသို့ စာမူလာပို့လှည့်ပါဟု ဆို၏။ မှန်ပါသည်။ ဦးမောင်မောင်ပြေကို 'ရကြပါစေ အမျှဝေ၏'ဆိုသည့် ဆေးစာအုပ်အသစ်တစ်အုပ် ရေးပေးပါမည်ဟု ကတိပြုထား၏။

ထိုကတိအတိုင်း ကျွန်တော် ရေးပါသည်။ သို့သော် 'ကိစ္စများမြောင် လူတို့ဘောင်'ဆိုစကားအတိုင်း တစ်ဝက်တစ်ပျက် ရေးလက်စတန်းလန်း ဖြစ်နေပါသည်။

နောက်ဆုံးတော့ မိတ္ထီလာသို့ ခရီးထွက်ခဲ့ရပါသည်။ မိတ္ထီလာ ဆောက်လုပ်ရေးဧည့်ရိပ်သာ အပေါ်ထပ်မှာ တစ်ယောက်တည်း တည်းခိုပါသည်။ စာရေးလိုက်၊ ညနေစောင်း အညောင်းပြေ လမ်းလျှောက်နှင့် တော်တော်ကလေး ရေးပြီးသွားပါသည်။

တစ်ခါတရံ ကျွန်တော့်မိတ်ဆွေများ ရောက်လာတတ်ပါသည်။

ကျွန်တော့် မိတ်ဆွေများမှာ မိတ္ထီလာ သုတမြိုင်စာပေမှ ကိုတင်လှိုင်၊ ကန်သာယာ ဓာတ်ပုံတိုက်မှ ဦးရွှေ၊ ကြေးမုံသတင်းထောက် ဦးမြမောင်တို့ ဖြစ်ပါသည်။

ဦးမြမောင်က . . .

"ကိုဝင်းမြင့်၊ ည . . . ဒီမှာ တစ်ယောက်တည်းအိပ်တာ ဘာမှ မဖြစ်ဘူးနော်"

"ဘာမှ မဖြစ်ပါဘူးဗျ"

"ကျုပ်တို့တော့ မအိပ်ရဲဘူး၊ တစ်ခါ မှုးမှုးနဲ့လာအိပ်လို့ တစ်ညဥ့်လုံး မအိပ်ရပါဘူး၊ ကုတင်ပေါ်က ဆွဲဆွဲချခံနေရတယ်။ ဒီမှာ ဂျပန်ခေတ်ကတိုင် မကျွတ်မလွတ်တဲ့ဟာတွေ ရှိနေပုံရတယ်"

"ဟုတ်လား . . ဒါဖြင့်လည်း မေတ္တာပို့အိပ်ရတာပ"

သူတို့ ပြန်သွားကြပါသည်။

ကျွန်တော် ည မေတ္တာပို့ အိပ်ပါသည်။ ဆောက်လုပ်ရေးညှိ့ရိပ်သာနှင့် မလှမ်းမကမ်းတွင်ရှိသော နဂါးရုံဘုရားသို့သွား၍ ထိုနေ့နံနက်က ကျွန်တော့်မွေးနေ့နှင့်တိုက်ဆိုင်၍ သစ်သီးဆွမ်းကပ်လှူပြီး ဒိဝါတပတိ အစချီဂါထာ ၉ခေါက် ရွတ်ဆိုခဲ့ပါသည်။

ညအိပ်သောအခါ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားပါသည်။ သို့သော် ကျွန်တော်သည် မျက်ဝါးထင်ထင်

ဘုရားကိုယ်တော်မြတ်ကြီးအား ဖူးတွေ့၏။ မျက်နှာတော်ကို မဖူးမြင်ရ။ လက်ညှိုးတော်နှင့် အသံကိုသာ ဖူးမြင်ကြားရပါသည်။ မြတ်စွာဘုရားက လိုက်ရေးဟု မိန့်မြွက်၍ ဘောလ်ပင်တစ်ချောင်းနှင့် မှတ်တမ်းစာအုပ်ထဲ ရေးရပါတော့သည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
။ ဓမ္မံ သရဏံ ဂစ္ဆာမိ
။ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
။ ဓမ္မံ သရဏံ ဂစ္ဆာမိ
။ သံဃံ သရဏံ ဂစ္ဆာမိ။

"မပြီးသေးဘူး၊ အောက်ကဆက်ရေး ဆက်ရေး..."

မြတ်စွာဘုရားနှုတ်တော်မှ လက်ညှိုးညွှန်ရင်း မိန့်တော်မူပြန်ပါသည်။

ဒိဝါ တပတိ အာဒိစ္စော
ရတ္တိံမာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော ဘာတိ
ဈာယီ တပတိ ဗြာဟ္မဏော
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ...။

ဗုဒ္ဓေါ တပတိ တေဇသာ ရေးမှတ်နေတုန်း ကျွန်တော် လန့်နိုးပါသည်။ ဝမ်းဆီထိမျှ ကျွန်တော့်ရင်ထဲ ဘဝင်ကြောများ စိမ့်သွားသည်အထိ ခံစားလိုက်ရပါသည်။ အိပ်မက်ကလေး နှမြောလိုက်ပါဘိ။ ထပ်မက်ရန်အတွက် စောင်ကို ခေါင်းမြီးခြုံ၍ ဇွတ်အိပ်တော့လည်း နောက်ထပ် အိပ်မက် မက်မရတော့ပါ။ မက်မိသမျှ အိပ်မက်ကလေးကိုတွေးရင်း ပီတိတွေ ဖြာဝေနေမိပါသည်။ ထို့နောက် ကျွန်တော် အိပ်ရာမှ ထသောအခါ နံနက် ၅နာရီထိုးလု နီးနေပါပြီ။

ဆောက်လုပ်ရေး ဧည့်ရိပ်သာ အပေါ်ထပ်မှ အရှေ့ဘက်ကို လှမ်းကြည့်လိုက်သောအခါ မိတ္ထီလာကန် ရေပြင်ပေါ်မှာ နှင်းငွေ့တွေ ဝေ့ဝေ့ဝဲနေပါသည်။

(၃)

ထိုအချိန်မှစ၍ ကျွန်တော်သည် ဒိဝါတပတိဂါထာ မရွတ်မိ(အိပ်မက်အရ) နမောတဿ(သုံး)ခေါက် ရွတ်ဆို ပါသည်။ ထို့နောက် သရဏဂုံ(သုံးခေါက်) ရွတ်ဆိုပါ သည်။ ပြီးမှ ဒိဝါတပတိ အစချီဂါထာကို ရွတ်ပါသည်။

နေ့စဉ် ဘုရားရှိခိုးစဉ် တစ်ခေါက်၊ နေ့လယ် နေ့ ခင်းရှိ တစ်ခေါက်၊ ညဥ့်တစ်ခေါက် ရွတ်ပါသည်။

ယခင်က ကျွန်တော်၏ အိပ်မက်ကလေးကို ချန် ထားခဲ့ရသည်မှာ ကျွန်တော်၏ 'ကိုယ်ရေးကိုယ်တာ'ဖြစ် သည်ဟု ထင်မြင်တာက တစ်ကြောင်း၊ အိပ်မက်ဟူသည် လက်ဆုပ်လက်ကိုင် သက်သေသက္ခာရ ပြမရတာက တစ် ကြောင်းတို့ကြောင့် ထိန်ချန်ခဲ့ခြင်း ဖြစ်ပါသည်။

မိတ္ထီလာညည့်ရိပ်သာမှ အိပ်မက်ကလေးကို တစ် သက်မမေ့ပါ။ ကြည်နူးဝမ်းသာစွာဖြင့် မန္တလေးသို့ ခရီး ဆက်ခဲ့သည်။ မန္တလေးဈေးချို ဆိုင်အမှတ်(၂/၁၃)မောင် မောင်ပြေစာပေသို့ ရောက်သောအခါ ကျွန်တော်၏ တိုင်း ရင်းဆေးစာမူကလေး "ရကြပါစေ အမျှဝေ၏"ကို ဦး မောင်မောင်ပြေလက်သို့ အပ်လိုက်သောအခါ ဦးမောင် မောင်ပြေက ငွေကျပ် တစ်သောင်းတိတိ ထုတ်ပေးပါသ တည်း။

ထို့ကြောင့် အများသူငါ စက်ဘီးကလေးများစီးကြ

သည်ကို မျက်နှာငယ်ကလေးဖြင့် ထိုင်ကြည့်နေတတ်သော လေးတန်းကျောင်းသူကလေးအတွက် ကလေးစီး စက်ဘီး တစ်စီးနှင့် နားပေါက်ဟောင်းလောင်းဖြင့် ကြည့်မကောင်း ရှုမကောင်း ဖြစ်နေရှာသော 'အိမ်သူ'အတွက် နားကပ် ကလေးတစ်ရံ ဝယ်ခဲ့နိုင်ပါသတည်း။

ဇေယျတု သဗ္ဗမင်္ဂလာ

**မကြေးဝင်းမြင့်**

## နေ့တိုင်းလွှမ်းခြုံ သရဏဂုံ

ဤလောက မြေပဟီဝယ် သံသရာဝဲသြဃဂယက်ထဲ စုန်ဆန်မျောပါနေကြသော လူဝတ်ကြောင် ကျွန်တော်တို့တစ်တွေကို သာသနာ့အာဇာနည် ဆရာတော်အရှင်မြတ်များက . . .

'ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲကြ . . . ဟဲ့'

'သရဏဂုံသုံးပါးကို မမေ့ကြနဲ့၊ အမြဲခံယူဆောက်တည်ကြ . . .'

မေတ္တာရှေ့ထား၍ မိန့်ကြားလေ့ရှိပါသည်။

သရဏဂုံဆိုသည်မှာ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ အစစ်အမှန်ဖြစ်၏ဟု ယုံကြည်သိမှတ်လျက် ရိုသေလေးမြတ် ဆည်းကပ်လိုသော ကုသိုလ်စေတနာကို 'သရဏဂုံ'ဟု ခေါ်ပါ၏။

ထို့ကြောင့် ကျွန်တော်သည် . . .

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဟူ၍ သရဏဂုံကို ဦးထိပ်ပန်ဆင် နှုတ်မှာရွရွ ရွတ်ဆိုပွားများ အားထားပါသည်။

သရဏဂုံ၏ ဂုဏ်တော်ကျေးဇူးကြောင့် စိတ်ဆင်းရဲခြင်းဘေးမှ ကင်းဝေးသော ဖြစ်ရပ်ကလေးတစ်ခု တင်ပြ စီရင်ခံရသော်...

ကျွန်တော့်တွင် သားသမီး ၇ယောက်ရှိ၏။ ဝတ်ချင်စားချင်သော အရွယ်များဖြစ်၏။ ယခုခေတ်အခါသည် ဟိုတုန်းကလို မဟုတ်တော့။ ဈေးကွက်စီးပွားရေး စနစ်အရ နိုင်ငံခြားမှ နေ့စဉ်နှင့်အမျှ ဝင်လာမစဲ အဝတ်အထည်ဆန်းတွေကလည်း ပေါပါဘိခြင်း။ ဈေးကလည်းမသေး။ စပို့ရှပ်တစ်ထည် ၁၅၀၀ကျပ်၊ ၂၀၀၀ကျပ်ရှိ၏။ အမျိုးသမီးဝတ်တွေဆိုရင် သုံးထောင်ကျော် လေးထောင်ရှိ၏။

လွန်ခဲ့သောနှစ်က ရန်ကုန်မြို့၊ ဝါးတန်းလမ်း၊ အမှတ် ၇၉နေ စာအုပ်ထုတ်ဝေသူ ဦးကျော်ကျော်နှင့် ကျွန်တော့်ဆေးစာအုပ်ကလေးများ အဆက်မပြတ် ထုတ်နိုင်ခဲ့၏။ ငွေကလေး မြိုးမြိုးမြက်မြက်ရသောကြောင့် ဝတ်ချင်၊ စားချင်ကြသော အပျိုပေါက်သမီးကြီး မစန္ဒာအတွက် ရွှေရည် ၁၅ပဲရည် ငါးမူးသားရှိ လက်ပတ်ကြိုးကလေးတစ်ခုကို ငွေကျပ် တစ်သောင်းတစ်ထောင်ဖြင့် ဝယ်ခဲ့ပါသည်။

ထိုရွှေလက်ပတ်ကြိုးကလေးကို သမီးသုံးယောက် တစ်လှည့်စီဝတ်ကြသည်။ ရွှေလက်ပတ်ကြိုးကလေး ဝတ်ရ၍ ပျော်တပြုံးပြုံးရှိကြသလို မိဘဖြစ်သူ ကျွန်တော်မှာ

လည်း သူတို့လေးတွေကိုကြည့်ပြီး ရင်ဝယ်အေးမြ ကြည်နူး ရပါသည်။

တစ်နေ့သောအခါ...

သမီးအလတ်မဖြစ်သူ မသီတာဝင်းသည် သူ၏ သူငယ်ချင်း အပေါင်းအဖော်များနှင့်အတူ မကွေးမြို့မြင်းစီး ဗိုလ်ချုပ်ကြေးရုပ် ပန်းခြံသို့သွား၍ ဓာတ်ပုံရိုက်ကြသည်။

ဓာတ်ပုံရိုက်မည်ဖြစ်၍ အစ်မဖြစ်သူက သူ့ရွှေလက် ပတ်ကြိုးကလေးကို အကျအန ဝတ်ဆင်ပေးလိုက်၏။

ညနေ ၃နာရီလောက်က ဓာတ်ပုံရိုက်ထွက်သွားကြ သော သမီးမသီတာဝင်းတို့သည် ညနေ ၆နာရီလောက်မှ ပြန်ရောက်လာကြပြီး...

သမီးဖြစ်သူ မသီတာဝင်းသည် မျက်စိမျက်နှာပျက် လျက်...

'အမေ...သမီး လက်ပတ်ကြိုး ဘယ်မှာကျပျောက် မှန်း မသိဘူး'

'ဟေ...ညည်း မရှာဘူးလား'

'ရှာတယ်အမေ...သမီးသူငယ်ချင်းတွေပါ ဝိုင်းဝန်း ရှာကြတာပဲ...နေရာအနှံ့ပဲ...မတွေ့ဘူး'

မီးဖိုချောင်တွင် ကျွန်တော်စားရန်အတွက် ထမင်း ဟင်းပြင်ဆင်နေသော သမီးကြီး သိသွားသောအခါ...

'ညည်း သိပ်ပေါ့တာပဲဟယ်...ငါ့လက်ပတ်ကြိုးက လေး ဆုံးပါပြီ'

ပြောပြောဆိုဆိုနှင့် ငိုပါလေတော့သည်။

'မိသီတာ...နင် ပေါ့လွန်းတယ်၊ သွား...မတွေ့တွေ့အောင်ရှာချေ'

အမေဖြစ်သူက ဒေါသတကြီး ပြော၏။

ထမင်းစားခါနီး စိတ်မချမ်းမြေ့စရာဖြစ်ရပ်ကြောင့် ကျွန်တော့်ရင်ထဲ တလှပ်လှပ် ဖြစ်လာပါတော့သည်။

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူများအဖို့ ရွှေငါးမူးသား ကျပျောက်သော်လည်း ကိစ္စမရှိ။ ကျွန်တော်တို့လို စာရေးဆရာများအဖို့ နောက်ထပ် ရွှေငါးမူးသားဝယ်နိုင်ဖို့ ခဲယဉ်းလှပါသည်။

'ဟဲ့...သမီး၊ သွား...မတွေ့တွေ့အောင် ရှာချေဆို၊ ငါပြောနေတာ မကြားဘူးလား'

သမီးအလတ်မ မသီတာသည် မျက်ရည်တွေဝဲလျက်က...

'သမီးရှာတာပဲ အမေ' ပြောပြောဆိုဆိုနှင့် အသံတိမ်ဝင်သွားကာ ငိုပွဲဆင်ပါလေတော့သည်။

မြင်းစီးမိုလ်ချုပ်ပန်းခြံသည် အများသူငါ ဝင်ထွက်သွားလာ အပန်းဖြေသောနေရာဖြစ်ပြီး လူကစည်လှ၏။ အဘယ်မှာ တွေ့နိုင်ပါတော့မည်နည်း။ တစ်ယောက်ယောက် ကောက်တွေ့သွားရောပေါ့...ဟု ကျွန်တော် အောက်မေ့မိပါသည်။

သြော်...ပစ္စည်းဥစ္စာသည် လူကိုကြည်နူးစေသလို

ပျောက်ဆုံးသောအခါ လူ၏စိတ်ကို ညှိုးနွမ်းစေဘိတော့၏။ ကျွန်တော့် သမီးကလေးများ စိတ်မကောင်းခြင်းကြီးစွာ ဖြင့် ငိုနေသည်ကို မကြည့်ရက်နိုင်ရကား ရင်ထဲမှ ခွန်အား စိုက်ထုတ်လိုက်ပြီး...

'ကဲ...သမီးတို့ ပျောက်လည်း ပျောက်ပေစေတော့၊ အဖေ အသစ်တစ်ခု ဝယ်ပေးမယ်'

'အဖေ့သမီးကိုက ပေါ့လွန်းတယ် အဖေရယ်...'

ကျွန်တော်သည် ဘုရားကျောင်းဆောင်ရှေ့သို့ ရို သေစွာထိုင်၍ ငါးပါးသီလခံယူကာ သရဏဂုံ ၁၀၈ခေါက် ရွတ်ဆိုမိပါတော့သတည်း။

သရဏဂုံ ၁၀၈ခေါက်ပြည့်၍ ဘုရားကျောင်းဆောင် ရှေ့မှ အသာအယာ ထခဲ့ပါသည်။

ထိုစဉ်...ကျွန်တော့်သားကြီး ကိုစိုးမိုးဝင်းနှင့် သူ့ သူငယ်ချင်းများ ဂီတာတစ်လက်နှင့် ရောက်လာကြ၏။

ကျွန်တော့်အိမ်သူက ညနေစောင်းက မသိတာဝင်း တို့ ရွှေလက်ပတ်ကြိုး ကျပျောက်ခဲ့ကြောင်း ဖြစ်ကြောင်း ကုန်စင် ပြောပြပါတော့သည်။

ကိုစိုးမိုးဝင်းနှင့် သူငယ်ချင်းဟစ်စုသည် စက်ဘီး ကိုယ်စီနှင့် ဗိုလ်ချုပ်မြင်းစီးကြေးရပ်ဘက်သို့ ထွက်ခွာသွား ကြပါသည်။ သူတို့ ထွက်သွားသောအခါ ည ၇နာရီရှိနေ ပါပြီ။ လမ်းမီးတွေ ထိန်ထိန်လင်းနေပါပြီ။

နာရီဝက်ခန့် ကြာသောအခါ ကိုစိုးမိုးဝင်းတို့ သူ

ငယ်ချင်းတစ်သိုက် ပြန်လာကြ၏။

'အမေရေ...အမေ့သမီး လက်ပတ်ကြိုး ပြန်တွေ့ခဲ့ပြီဗျ'

'ဟေ...'

'ဟုတ်လားဟ'

'ဘယ်မှာလဲ...'

'ဟောဒီမှာ...'

'ဟာ...ဟင်...အစစ်ပေါ့၊ နင်ဘယ်လိုလုပ်တွေ့တာလဲ'

သမီးကြီး သူ့မောင်ကိုမေး၏။

'ငါတွေ့တာ မဟုတ်ဘူး၊ ဝဏ္ဏတွေ့တာ'

'ဟုတ်လား...ဝဏ္ဏတွေ့တာ...ဘယ်လိုတွေ့လဲ'

'ကျွန်တော်တို့ ဗိုလ်ချုပ် မြင်းစီးကြေးရုပ်ထဲ အနှံ့ရှာတာပဲ..မတွေ့ဘူး၊ အဲဒီအနီးအနား အအေးဆိုင်တွေနား လည်း ရှာတာပဲ...မတွေ့ဘူး၊ ဒါနဲ့ စိတ်ပျက်လက်ပျက်နဲ့ ပြန်လာကြတုန်း ဆောက်လျှပ်စစ်ရုံးရှေ့နားရောက်တော့ အဝေးက ကားမီးရောင်နဲ့ ကတ္တရာလမ်းပေါ်မှာ လက်ခနဲ အရောင်လေး မြင်လိုက်ရတယ်၊ အဲဒီနေရာလည်းရောက်ရော ငုံ့ကြည့်လိုက်တော့ လက်ပတ်ကြိုးကလေး တွေ့ရတော့တာပဲ၊ ကံ...သိပ်ကောင်းတာ...ဟိုက ကားမီးရောင် မလာရင်လည်း ကျွန်တော်တို့ တွေ့မှာမဟုတ်ဘူး'

ဝဏ္ဏသည် မကြေးကောလိပ် ဒုတိယနှစ်ကျောင်း

သွားပါ။ သူ့ဖခင်က မကွေးဘောလုံး ဒိုင်လူကြီး ဦးမောင်ကို။ ဝဏ္ဏကို ကျွန်တော့်အိမ်သူက ငွေ ၃၀၀ကျပ် ထုတ်ပေးသည်။ ဝဏ္ဏက ထိုငွေ ၃၀၀ကျပ်ကို သူချည်းမသုံး။ ကျွန်တော့်သား ကိုစိုးမိုးဝင်းနှင့်အတူ သူငယ်ချင်းတစ်သိုက် ပျော်ပွဲစားလိုက်ကြပါတော့၏။

လက်ပတ်ကြိုးကလေး ပြန်တွေ့တာကို ကျွန်တော့်စိတ်ထဲ အိပ်မက်မက်နေသလား ထင်ရသည်။ ယုံနိုင်စရာမရှိ။ သည်လောက် လူသူအသွားအလာများသော ဗိုလ်ချုပ်လမ်းမပေါ်မှာ ပြန်တွေ့သည်ဆိုသည်မှာ မယုံနိုင်စရာ။

အိမ်နီးနားချင်းများကလည်း ပြန်တွေ့သည်ကို မယုံကြ။ လက်တွေ့လာမေးကြ၏။ ကျွန်တော်ကတော့ ယုံပါ၏။ နေ့တိုင်းလွှမ်းခြုံ သရဏဂုံ၏ ဂုဏ်ကျေးဇူးကြောင့်ပဲ။

ရိုးသားဖြူစင်၍ မျက်စိလျင်လျင်ဖြင့် ကြိုးစားရှာဖွေပေးသော ဝဏ္ဏ (ခေါ်) မောင်ကျော်ဆန်းဝင်း၏ နေရပ်လိပ်စာ အပြည့်အစုံကလေးကို ဂုဏ်ပြုဖော်ပြရသော်...

မောင်ကျော်ဆန်းဝင်း(ဝဏ္ဏ)
ဦးမောင်ကို။ ဒေါ်ခင်အေးမြင့်
အမှတ် ၃၃၊ ၁၅လမ်း၊ ရွာသစ်ရပ်၊ မကွေးမြို့။

မကွေးဝင်းမြင့်
အမှတ် ၆ – မဲထီးလမ်း
ဈေးရပ် – မကွေးမြို့။

မကွေးဝင်းမြင့်

မရှိမဖြစ် ဆောင်ထားရမည့်
စာအုပ်များ

# မကွေးဝင်းမြင့်

---

ရတနာငွေဝင်ဂါထာ

- မြန်မာ့ရိုးရာ မြန်မာ့စလေ့ အတိတ်နိမိတ်
- အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများ
- သွေးတိုး လေဖြတ် ဦးနှောက်ကြောပြတ်ခြင်းအကြောင်း
- အသက်ကလေးရယ်တဲ့ ရှည်စေလို
- ခရီးသွားဆေးသမား
- လက်ဆင့်ကမ်း မြန်မာ့ဆေးပညာ
- အုန်းမှုတ်ခွက်နင်း ရောဂါကင်း

**ဆီးချိုဆိုသော ထိုရောဂါ**

---

ကွန်ပျူတာစာလုံးဖြင့် ဆက်လက် ထွက်မည့် စာအုပ်များ

■

၁၂ လ ရာသီခါတ်စာ

■

# သဗ္ဗဇယ မင်္ဂလာ
# ငွေဝင်ဂါထာတော်

ဒိဝါ တပတိ အာဒိစ္စော
ရတ္တိမာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော ဘာတိ
ဈာယီ တပတိ ဗြဟ္မဏော
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ
တဒိသံ တေဇ သမ္ပန္နံ
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ
နမက္ကာရ နုဘာဝေန
သဗ္ဗပုရေန္တု သက်ပ္ပါ။ ။